# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့ | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၁၃၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်


၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ လွိုင်မွေအပန်းဖြေ တောင်စခန်းမြို့နှင့် ပန်ကွဲကျေးရွာရှိ ဗုဒ္ဓဥယျာဉ်သို့ ဆက်သွယ်ပြေးဆွဲမည့် Sky Train တည်ဆောက်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးနှင့် လွိုင်မွေတောင်စခန်းမြို့ရှိ စတုရဋ္ဌသုမင်္ဂလစေတီတော်အား ဖူးမြော်ကြည်ညို၊ လွိုင်မွေဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဦးရွှေကြိမ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးပုဂ္ဂိုလ် ဒေါက်တာဒေါ်ရင်ရင်နွယ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကို၊ ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူတို့ လိုက်ပါ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးနှင့် လွိုင်မွေတောင်စခန်းမြို့ရှိ စတုရဋ္ဌသုမင်္ဂလစေတီတော်အား ဖူးမြော်ကြည်ညိုပြီး လွိုင်မွေဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုသည်။

*စာမျက်နှာ ၃ ကော်လံ ၁*


**ယနေ့ ဖတ် စ ရာ**

- ဘက်စုံပို့ဆောင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း — ဥပဒေ | စာ - ၅
- အစ္စရေးနိုင်ငံက မော်ရိုကိုသို့ ဒုံးကျည်ကာကွယ်ရေးစနစ် ထောက်ပံ့ပေးမည် — နိုင်ငံတကာသတင်း | စာ - ၁၃
- အဂတိကင်းစင်သော အနာဂတ်နိုင်ငံတော်အတွက် မျိုးဆက်သစ်များ သိကောင်းစရာ — ဆောင်းပါး | စာ - ၁၆

မြန်မာ့အလင်း

# တန်းတူရည်တူ မူနှင့်အညီ

လာမည့် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ မြန်မာနိုင်ငံက ပါဝင်တက်ရောက်နိုင်မည် မဟုတ်သကဲ့သို့ နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ပုဂ္ဂိုလ်ကိုလည်း စေလွှတ်တက်ရောက်စေနိုင်မည် မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်သည်။ မြန်မာနိုင်ငံက "မူ"အရ လက်မခံနိုင်သော ယခင်ဆုံးဖြတ်ချက်ကို ဆက်လက်ဆုပ်ကိုင်ထားသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့၏ ရပ်တည်ချက်ကြောင့် ၂၀၂၂ ခုနှစ် အာဆီယံဥက္ကဋ္ဌဖြစ်သည့် ကမ္ဘောဒီးယားတွင် ပထမဆုံးအကြိမ် ကျင်းပသည့် အဆိုပါအစည်းအဝေးမှာ မြန်မာ မပါဝင်သော၊ အာဆီယံ ၁၀ နိုင်ငံ အပြည့်အဝမပါဝင်သော အစည်းအဝေးတစ်ရပ်အဖြစ် ကျင်းပကြရမှာဖြစ်သည်။

အရှေ့တောင်အာရှ ၁၀ နိုင်ငံပါဝင်သည့် အာဆီယံ၏ ထူးခြားသည့် ဝိသေသလက္ခဏာများမှာ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားနိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်း၊ အငြင်းပွားမှု ငြိမ်းခြောက်မှုများကို ရှောင်ကြဉ်ခြင်း၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြစ်သည်။ အာဆီယံနိုင်ငံများမှာ ပထဝီအနေအထားအရ၊ ဘာသာရေးအရ၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးပုံစံများအရ တစ်နိုင်ငံနှင့် တစ်နိုင်ငံ များစွာကွဲပြားခြားနားကြသည်။ ယင်းသို့မတူညီသော ဒေသတွင်းနိုင်ငံများကို တစ်စုတစ်စည်းတည်း တည်တံ့ခိုင်မြဲစွာ စုစည်းနိုင်ရန်အတွက် အာဆီယံပဋိညာဉ်ပါအချက်များတွင် ပါရှိသည့် "ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဆွေးနွေးတိုင်ပင်ခြင်းနှင့် တူညီဆန္ဒကို အခြေခံရန်"၊ "အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားရန်၊ ပြည်တွင်းရေးကို မစွက်ဖက်ရန်၊ အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားရေးတည်ရှိမှုကို ပြင်ပမှ မစွက်ဖက်ရန်"ဟူသည့်အချက်များကို အလေးအနက်ရှိကြရန် လိုအပ်သည်။

ဒေသတွင်းနိုင်ငံများနှင့် ဖွဲ့စည်းထားသည့် အာဆီယံအနေဖြင့် ဒေသပြင်ပမှ အင်အားကြီးနိုင်ငံအချို့၏ အားပြိုင်မှုတွင် မိမိတို့နိုင်ငံအချင်းချင်း ပိုမို၍ သိပ်သည်းကျစ်လျစ်စွာ စည်းလုံးညီညွတ်ရန် လိုအပ်လာသည်။ အင်အားကြီးနိုင်ငံတို့က ၎င်းတို့၏ မဟာဗျူဟာ အကျိုးစီးပွားအတွက် အာဆီယံအဖွဲ့အတွင်း ဝင်ရောက်မွှေနှောက်ကာ ဖိအားပေး၊ အကျပ်ကိုင်၊ သွေးဆောင်၊ စည်းရုံး နည်းလမ်းအမျိုးမျိုးဖြင့် ပြုလုပ်နေခြင်းက အဖွဲ့ကြီး၏ တည်ငြိမ်မှု၊ တည်တံ့ခိုင်မြဲမှုတို့ကို ထိခိုက်စေသည့်အပြင် သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းရေးအပေါ်တွင်လည်း အပေါင်းလက္ခဏာမဆောင်သော သက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်သည်။ အထူးသဖြင့် အာဆီယံနိုင်ငံများတည်ရှိနေသည့် အရှေ့တောင်အာရှဒေသကြီးမှာ ၂၁ ရာစု၏ ပါဝါအရွေ့အပြောင်းတွင် အချက်အချာကျလာခြင်းက ရေရှည်တွင် အဖွဲ့အစည်းအပေါ်တွင်လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံတစ်ခုစီတို့အပေါ်တွင် လည်းကောင်း၊ အင်အားကြီးတို့၏ သက်ရောက်မှုများ ရှိလာမည်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်း၏နောက်တွင် အင်အားကြီးတို့၏ ဝင်ရောက်သပ်လျှိုကြိုးကိုင်ခြင်းဖြင့် အဖွဲ့အစည်း၏ မူဝါဒများ၊ မူလရည်ရွယ်ချက်နှင့် လမ်းစဉ်တို့ ပျက်ယွင်းသည့်အဖြစ်မျိုးမှ ရှောင်ကြဉ်နိုင်ရန်လည်း ကြိုးပမ်းကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည့် နိုင်ငံဖြစ်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုပြီး နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည့် နိုင်ငံလည်းဖြစ်သည်။ ထို့အပြင် အာဆီယံမိသားစုဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ တန်းတူရည်တူရှိရမည့် "မူ"နှင့်အညီ လက်ရှိအာဆီယံ အလှည့်ကျ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်နိုင်ငံများနှင့် အပြုသဘောဆက်လက်ထိတွေ့ ဆောင်ရွက်ခြင်းက အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ကို ကျေပွန်စွာ အဖွဲ့အစည်း၏ အကျိုးကို သယ်ပိုးခြင်းပင် ဖြစ်ပါကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါ်များဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

### အပြည့်အဝ ကောက်ခံ

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၂၀၁၈)ကို ပြဋ္ဌာန်းပြီးနောက် လက်ရှိအစိုးရ တစ်နှစ်တာကာလအတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ နည်းဥပဒေ အသစ်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၂၄/၂၀၂၁ဖြင့် အတည်ပြုထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါ နည်းဥပဒေအသစ်တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့် ချမှတ်ပေးနိုင်ရေးအတွက် ကောက်ခံထားသင့်သည့် အာမခံကြေးနှုန်းထားနှင့် လုပ်ပိုင်ခွင့် အသုံးပြုခွင့် ရရှိထားသူများထံမှ ခေတ်ကာလနှင့် လျော်ညီသော အာမခံကြေးများ၊ နှစ်စဉ်ကြေး မြေခွန်တော်များ ဆက်လက်ကောက်ခံမည့် နှုန်းထားများ သတ်မှတ်နိုင်ရေးနှင့် အပြည့်အဝ ကောက်ခံရရှိရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### စီမံခန့်ခွဲ

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်အတွက် အာမခံကြေးနှုန်းထားနှင့် လုပ်ပိုင်ခွင့် အသုံးပြုခွင့် ရရှိထားသူများထံမှ နှစ်စဉ်ကြေး မြေခွန်တော် ဆက်လက်ကောက်ခံမည့် နှုန်းထားများဆိုင်ရာကိစ္စရပ်များ၊ အစိုးရက ခွင့်ပြုထားသောဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မြေခွန်နှုန်းထားသတ်မှတ်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၈-က(ခ) အရ အယူခံဝင်ရောက်လာခြင်းဆိုင်ရာကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့် ရရှိပြီးသော်လည်း လုပ်ငန်းအကောင်အထည်ဖော်ရန် စည်းကမ်းတွင် ပါဝင်သည့် သတ်မှတ်ကာလ (၄)နှစ်ပြည့်မြောက်ချိန်အထိ လက်တွေ့မြေပြင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိသေးသည့် မြေများအား ပြန်လည်သိမ်းဆည်းရန် ကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့် ရရှိထားသူများထံမှ မြေခွန်များ အပြည့်အဝ ကောက်ခံရရှိရေး ကိစ္စရပ်များနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းကိစ္စရပ်များအား ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**


## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် ဖေဖော်ဝါရီ ၁၄ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Blood Pressure Monitor ၈၂၈၂ ခု၊ Commode Wheel Chair အခု ၄၈၀၊ Walker ၉၅၂ ခု၊ Quad Cane အခု ၁၅၀၀၊ Commode Chair ၄၃၄ ခု၊ Forearm Crutch အခု ၁၀၀ နှင့် ဆေးဝါးမျိုးစုံ ၂၉ မျိုး စုစုပေါင်း ၁၄၁၈၂၄ ဒသမ ७၈ Kg၊ နယ်စပ် (လွယ်ဂျယ်၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီ ရှစ်ခုမှ Mask ၂၃၆၄၂ Kg၊ Paib Plexinjection အခု ၁၁၅၀၀၊ Vitamin C Tablet အခု ၁၄၄၀၊ Syringe အခု ၇၄၄၀ တို့ကို ထုတ်ပေးကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်စဉ်။



***ရှေ့ဖုံးမှ***

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီလဓမ္မကုန်းသာသနာရကျောင်းတိုက် ဦးစီးပဓာန နာယက (ဝစီပိတ်) ဆရာတော် ဘဒ္ဒန္တကောဝိဒ အမှူးပြု၍ ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးသို့ ရောက်ရှိဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။

ယင်းနောက် ဘုရားကြီးအတွက် စေတနာရှင် အလှူရှင်များမှ စုပေါင်းလှူဒါန်းသည့် ဘက်စုံအလှူငွေကျပ် ၇၇၁ သိန်းအား ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းဟောင်ခမ်းနွံနှင့် အဖွဲ့ဝင်များက လက်ခံရယူကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်မွေတောင်စခန်းမြို့ရှိ စတုရဋ္ဌသုမင်္ဂလ စေတီတော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

**အလှူငွေများကို ပေးအပ်လှူဒါန်း**

ယင်းနောက် စေတီတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ပြီး ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ဌေ့သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး တောင်တန်းသာသနာပြု ဆရာတော် ဘဒ္ဒန္တဝေပုလ္လအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အဖွဲ့ဝင်များနှင့် အတူ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ကာ စေတီတော် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည်များနှင့် ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားသည်။

**မူလလက်ရာမပျက် ပြန်လည်ပြင်ဆင်**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမိုင်းဝင် နှစ် ၁၀၀ စံအိမ်သို့ရောက်ရှိကြပြီး စံအိမ်အတွင်း ခင်းကျင်းပြသထားသည့် လွိုင်မွေမြို့ သမိုင်းနှင့် အထင်ကရနေရာများ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ ထို့နောက် သက်တမ်း ၁၀၄ နှစ်ရှိပြီဖြစ်သည့် စံအိမ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စံအိမ်အတွင်းရှိ အသုံးအဆောင်ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းရာတွင် မူလလက်ရာမပျက် ပြန်လည်ပြင်ဆင်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်မွေကန် ကန်ဆည်ခြင်းလုပ်ငန်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကောင်းမှုတော် ဆည်အတွင်း ရေသိုလှောင်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

***စာမျက်နှာ ၄ သို့***





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကောင်းမှုတော်ဆည်အတွင်း ရေသိုလှောင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ လွိုင်မွေတောင်စခန်းမြို့ရှိ စတုရဋ္ဌသုမင်္ဂလ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။

## ကန်ပတ်လမ်းတွင် ပြည်သူများ လွတ်လပ်စွာဖြင့် ကိုယ်လက်လှုပ်ရှား အားကစားများ ပြုလုပ်နိုင်ရန်နှင့် အပန်းဖြေနိုင်ရန် ကန်ပတ်လမ်းဘေးတွင် လျှောက်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်

*စာမျက်နှာ ၃ မှ*

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လွိုင်မွေကန်သည် လွိုင်မွေအပန်းဖြေတောင်စခန်းမြို့အတွက် သဘာဝကပေးထားသည့် လက်ဆောင်ဖြစ်သည့်အတွက် ရေရှည်တည်တံ့ခိုင်မြဲရေး အမြဲမပြတ် ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေ၊ ရေဝေရေလဲ ဧရိယာအတွင်းရှိ သစ်ပင်သစ်တောများကို ထိန်းသိမ်းရန်၊ အပန်းဖြေမြို့ဖြစ်သည့်အတွက် မျက်စိပသာဒဖြစ်စေရန်၊ ပတ်ဝန်းကျင်သာယာလှပရန်နှင့် လေဝင်လေထွက် ကောင်းမွန်မှုရှိစေရေး အောက်ခြေရှုပ်ချုံနွယ်များကို ရှင်းလင်းရန်နှင့် သစ်ပင်ကြီးများကို အလင်းဖွင့်ခြင်း ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေ၊ လွိုင်မွေအပန်းဖြေ တောင်စခန်းမြို့ တောင်တက်လမ်းတစ်လျှောက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်ပြီး တာဝန်ရှိသူများကို မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသဖွံ့ဖြိုးရေးအထောက်အကူဖြစ်စေရန်အတွက် လွိုင်မွေအပန်းဖြေ တောင်စခန်းမြို့နှင့် ပန်ကွဲကျေးရွာရှိ ဗုဒ္ဓဥယျာဉ်သို့ ဆက်သွယ်ပြေးဆွဲမည့် Sky Train တည်ဆောက်မည့် မြေနေရာသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ယာဉ်ရပ်နားမည့်နေရာနှင့် လမ်းများ သွားလာမှု အဆင်ပြေစေရေး ရေရှည်ကို မျှော်တွေး၍ စနစ်တကျ တွက်ချက်တည်ဆောက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နောင်တုံကန်အနီး၌ ကျိုင်းတုံဟော်နန်း ပုံစံတူ တည်ဆောက်မည့် မြေနေရာအား သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နောင်တုံကန် ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ကန်ပတ်လမ်း အဆင့်မြှင့်တင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကန်ပတ်လမ်းတွင် ပြည်သူများ လွတ်လပ်စွာဖြင့် ကိုယ်လက်လှုပ်ရှားအားကစားများ ပြုလုပ်နိုင်ရန် နှင့် အပန်းဖြေနိုင်ရန် ကန်ပတ်လမ်းဘေးတွင် လျှောက်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်အတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းနှင့် ကန်ပတ်လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ နောင်တုံကန်အနီး၌ ကျိုင်းတုံဟော်နန်း ပုံစံတူ တည်ဆောက်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးစဉ်။

## ဘက်စုံပို့ဆောင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ဘက်စုံပို့ဆောင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၃ /၂၀၂၂**
**၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်**
**(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဘက်စုံပို့ဆောင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဘက်စုံပို့ဆောင်ရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ထ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ထ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။"

၃။ ဘက်စုံပို့ဆောင်ရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဒ)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၅၉၊ ပုဒ်မခွဲ (ဂ)တို့တွင် ပါရှိသော "ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန" ဆိုသည့်စကားရပ်ကို "ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်-

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ပုလဲမြို့နယ်၊ အင်မထီးကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက နှောင့်ယှက်ပစ်ခတ်၊ နေအိမ်များအား မီးရှို့ဖျက်ဆီးမှု"** ခေါင်းစဉ်ဖြင့် ၁၆-၂-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အပြစ်မဲ့ပြည်သူများအား အသက်တစ်ချောင်း ငွေငါးသောင်းဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သော ဖမ်းဆီးရမိတရားခံများနှင့် ပတ်သက်၍ ဆွေးနွေးခြင်း"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် စုပေါင်းတံခွန်စိုက်ဒိုင်းရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန် အမျိုးသမီး တံခွန်စိုက်ဒိုင်းရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကိုဗစ်- ၁၉ စည်းကမ်းများနှင့်အညီ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်နှင့် ဦးမောင်းဟာ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးချစ်နိုင်၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေးနှင့် ဒေါက်တာဌေးအောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ပြိုင်ပွဲအမျိုးအစား ဝိတ်တန်းအလိုက် (၄၅-၅၀) ကီလို အမျိုးသား/အမျိုးသမီး ဓားအတိုက်ပြိုင်ပွဲ၊ (၅၇-၆၁) ကီလို အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲ၊ (၆၁-၆၅) ကီလို အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲ၊ (၄၉-၅၃) ကီလို အမျိုးသမီး ဗန်တိုအတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပရာ (၆၁-၆၅) ကီလို အမျိုးသမီး ဗန်တို အတိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း၊ (၆၁-၆၅) ကီလို အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသူများကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က လည်းကောင်း၊ (၄၅-၅၀) ကီလို အမျိုးသား ဓားတစ်လက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးကလည်းကောင်း၊ (၄၅-၅၀) ကီလို အမျိုးသမီး ဓားတစ်လက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသူများကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က လည်းကောင်း၊ (၄၉-၅၃) ကီလို အမျိုးသမီး ဗန်တိုအတိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယ ဆုရရှိသူများကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချာလီသန်းက လည်းကောင်း၊ (၅၇-၆၁) ကီလို အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိသူ များကို ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်က လည်းကောင်း၊ (၆၁-၆၅) ကီလို အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသူ များကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးမောင်းဟာက အမျိုးသား/အမျိုးသမီး လက်သိုင်းအတိုက်ပြိုင်ပွဲတွင် အကောင်းဆုံးဆုရရှိသည့် မောင်ဖွဲဝေယံဖြိုး (ရှမ်း)နှင့် မဆုမြတ်နိုး (တနင်္သာရီ)၊ ဓားအတိုက်ပြိုင်ပွဲတွင် အကောင်းဆုံးဆု ရရှိသည့် မောင်စိုင်းလင်းထွေး (ရှမ်း)နှင့် မဇင်မို့မို့ထွေး (မကွေး)တို့ကို အကောင်းဆုံးအားကစားသမားဆု (Trophy) နှင့် ဆုကြေးငွေများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင်က ရွှေ ခြောက်ခု၊ ငွေ ခြောက်ခု၊ ကြေး တစ်ခုဖြင့် မျိုးသားတံခွန်စိုက်ဒိုင်း ရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန်က ရွှေ ခုနစ်ခု၊ ငွေ နှစ်ခု၊ ကြေး ငါးခုဖြင့် အမျိုးသမီး တံခွန်စိုက်ဒိုင်းရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် မန်းငြိမ်းမောင်က ရွှေ ၁၃ခု၊ ငွေ ရှစ်ခု၊ ကြေးခြောက်ခုဖြင့် စုပေါင်းတံခွန်စိုက်ဒိုင်းရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို လည်းကောင်း တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

မြန်မာတို့၏ ရိုးရာအမွေအနှစ်ဖြစ်သည့် မြန်မာ့သိုင်းအားကစားနည်းကို စိတ်ပါဝင်စားပြီး လူငယ်မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ လူငယ်လူရွယ်အချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှုရရှိကာ ကျန်းမာကြံ့ခိုင်သောလူငယ်များအဖြစ် နိုင်ငံ့ဂုဏ်ဆောင်မျိုးဆက်သစ် အားကစားသမားများနှင့် ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၈)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

(၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၈) ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပသည်။**(ယာပုံ)**

အဆိုပါဖွင့်ပွဲအခမ်းအနားကို တပ်မတော်နေ့ ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ အကဲဖြတ် အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေး နှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများကို အလေးပြုကြပြီးနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အဖွင့်မိန့်ခွန်း ပြောကြားသည်။

ထို့နောက် တပ်မတော်ဂုဏ်ပြု စစ်တီးဝိုင်းအဖွဲ့က သရုပ်ပြတီးခတ်ဖျော်ဖြေကြပြီး ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။




အဆိုပါ (၇၇) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၈) ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်း ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းပေါင်း ၂၈သင်း ပြိုင်ပွဲဝင်ပြီး ဖေဖော်ဝါရီ ၁၈ရက်အထိကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို ယနေ့ ညနေပိုင်းတွင် သက်ဆိုင်ရာနေရာအသီးသီး၌ ပြုလုပ်ကြရာ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာတိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်မှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ကြရာ ဆုရရှိကြသည့် အသင်းများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

နေပြည်တော် တိုင်းစစ်ဌာနချုပ်၏ ထမနဲထိုးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့်လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ထမနဲထိုးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၆ သင်းဖြင့် လည်းကောင်း အသီးသီးပြုလုပ်ခဲ့ကြသည်။

**၂၃ သင်း ဝင်ရောက်ယှဉ်ပြိုင်**

အလားတူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ခရိုင်၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် မြင်းခြံမြို့နယ် အားကစားကွင်း၌ ပြုလုပ်ခဲ့ပြီး နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များနှင့် ဌာနဆိုင်ရာများမှ ပြိုင်ပွဲဝင်အသင်း ၂၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာသက်ဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး ဆုရရှိသောအသင်းများကို ဆုများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






# ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီး အကြိမ်(၂၀)မြောက် ထမနဲထိုး ပြိုင်ပွဲကျင်းပ

**ပြည် ဖေဖော်ဝါရီ ၁၄**

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပသည့် အကြိမ် (၂၀) မြောက် ထမနဲထိုးပြိုင်ပွဲကြီးကို ယနေ့ နံနက် ၇ နာရီက မဟာဗောဓိရင်ပြင်တော်ပေါ်၌ ကျင်းပကြောင်း သိရသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ အခမ်းအနားတွင် ဒိုင်အဖွဲ့ ဒိုင်ချုပ် ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်က ဒိုင်အဖွဲ့၏ ရွေးချယ်ပုံ၊ စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ထမနဲထိုး ပြိုင်ပွဲကို စတင်ကျင်းပသည်။ အဆိုပါ ထမနဲထိုးပြိုင်ပွဲသို့ ရွှေဆံတော်ဘုရား ဝေယျာဝစ္စအဖွဲ့ ခြောက်ဖွဲ့နှင့် ဝန်ထမ်းအဖွဲ့အပါအဖွဲ့ ခုနစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ယှဉ်ပြိုင်နေမှုများကို ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (ပြည်) မှဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အောင်နိုင်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက တက်ရောက် အားပေးကြည့်ရှုကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အကဲဖြတ်အမှတ်ပေးအဖွဲ့ ဒိုင်ချုပ်က ဆုရွေးချယ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပထမဆုရရှိသည့် မဟာဗောဓိအဖွဲ့၊ ဒုတိယဆုရရှိသည့် သာသနာ့နုဂ္ဂဟ အဖွဲ့၊ တတိယဆုရရှိသည့် ရွှေဆံတော်ဘုရား ဝန်ထမ်းအဖွဲ့နှင့် နှစ်သိမ့်ဆုများကို ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်၊ ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာယုဇန၊ မြန်မာ့စီးပွားရေးဘဏ်၊ ခရိုင်မန်နေဂျာ ဦးမော်သိန်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၁၉ ဦး အမျိုးသမီး ၈၁ ဦး စုစုပေါင်း ၂၀၀ တို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ် အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အခြေခံမဲဆန္ဒရှင်စာရင်းများ မှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

အခြေခံမဲဆန္ဒရှင်စာရင်းများ မှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဌာနဦးစီးမှူး၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ တက်ရောက်ကြသည်။ (ယာပုံ)



**ရွေးကောက်ပွဲကျင်းပပေးနိုင်ရေးကြိုတင်ပြင်ဆင်**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ် အနက် အမှတ်စဉ် (၁) ဖြစ်သည့် မဲစာရင်းများ စစ်ဆေးခြင်း အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အမှတ်စဉ် (၅) ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားတိုင်း ရွေးကောက်တင်မြှောက်ခွင့်နှင့်ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိရာ နိုင်ငံသားများသည် ဥပဒေနှင့်အညီ မဲပေးရမည် ဖြစ်ကြောင်း၊ ယခုမဲစာရင်းများပြုစုရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သည့်နေရာတွင် မဲဆန္ဒရှင်စာရင်းနှင့် ပတ်သက်ပြီး ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင် စာရင်းရရှိရေး၊ ဥပဒေနှင့်အညီ ပါဝင်ရမည့်သူများ ပါဝင်ခွင့်ရရှိပြီး မပါဝင်သင့်သူများ မပါဝင်စေရေး၊ မဲပေးပိုင်ခွင့်ရှိသူများ မဲဆန္ဒရှင်စာရင်းတွင် ကျန်ရှိမနေစေရေး တို့ကို အထူးအလေးထား၍ မြို့နယ်အလိုက် အခြေခံမဲဆန္ဒရှင်စာရင်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) အပေါ် အခြေခံပြီး ပြုစုလျက်ရှိကြောင်း၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၅ ခု အနက် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေတို့၌ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုပြီးဖြစ်ကြောင်းနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၁ ခုတွင်လည်း မကြာမီ လုပ်ငန်းပြီးစီးတော့မည် ဖြစ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်ကြရမည်**

ယနေ့တွင် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များ၌ ပြုစုပြီးဖြစ်သည့် အခြေခံမဲဆန္ဒရှင်စာရင်းများကို မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးသည့် ရှေ့ပြေးလုပ်ငန်းစီမံချက် (Pilot Project) ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) နှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့်လည်း ပန်းခင်းစီမံချက်အရ မှတ်ပုံတင်မရှိသေးသူများကို မှတ်ပုံတင်ပြုလုပ်ပေးလျက်ရှိပြီး နိုင်ငံသားကတ် ရသင့်ရထိုက်သူများကို မှတ်ပုံတင်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့်လည်း ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်း မြေပြင်တွင် အမှန်တကယ်နေထိုင်သည့် လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းဖြင့် တိကျမှန်ကန်သော လူဦးရေစာရင်းများ ရရှိမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနများ ပူးပေါင်းပါဝင်၍ စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် လာမည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတမှုအပြည့်ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ရွေးကောက်ပွဲဖြစ်ရန် နိုင်ငံဝန်ထမ်းများအားလုံး အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

မဲစာရင်းများစစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစဉ်များအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဦးရေစာရင်းပုံစံ (၆၆ / ၆) အရ ကြိုတင်စာရင်း ပြုစုထားပြီးဖြစ်သည့် လူဦးရေစာရင်းများကို ရပ်ကွက်/ကျေးရွာအုပ်စုများတွင် မြေပြင်လက်ရှိ နေထိုင်လျက်ရှိသည့် လူဦးရေစာရင်း (ထွေ – ၁ က) များနှင့် တိုက်ဆိုင်စစ်ဆေးခြင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဦးစီးအရာရှိများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ခံအရာရှိများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရပ်ကွက်/ ကျေးရွာအုပ်စု စာရေးများ ပါဝင်သောအဖွဲ့တို့ဖြင့် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် တိုင်း၊ ခရိုင်၊ မြို့နယ်များအလိုက် စာရင်းများကို ကွန်ပျူတာနည်းပညာကို အသုံးပြု၍ အပြန်အလှန် စစ်ဆေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းတစ်ရပ်၏ပြယုဂ်- ခေါင်းဆောင်မှုအရင်းအမြစ်တည်ဆောက်ခြင်းဆိုင်ရာ တတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းတစ်ရပ်၏ ပြယုဂ်– ခေါင်းဆောင်မှုအရင်းအမြစ်တည်ဆောက်ခြင်းဆိုင်ရာ တတိယအကြိမ်အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ထုတ်ပြန်ထားရှိသော စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုရာထူးဝန်အဖွဲ့ စုပေါင်းခန်းမတွင် ကျင်းပသည်။ (ယာပုံ)



အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေက ယခုအလုပ်ရုံဆွေးနွေးပွဲသည် တတိယအကြိမ်နှင့် နောက်ဆုံးအကြိမ်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲများ၌ တွေ့ရှိချက်နှင့် အကြံပြုချက်များအပေါ် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင်လည်း ယခင်ဆွေးနွေးပွဲများကဲ့သို့ ရလဒ်ကောင်းများ ပိုမိုရရှိနိုင်ရေး အားလုံးမှ ဆက်လက်ကြိုးစားဆောင်ရွက်မည်ဟု ယုံကြည်ပါကြောင်း၊ အဖွဲ့အစည်းများတွင် ချမှတ်ထားရှိသည့် ရည်မှန်းချက်၊ မျှော်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ မူလက ချမှတ်ထားရှိသည့် အဖွဲ့အစည်း ပုံစံ၊ တည်ဆောက်မှု ပိုမို တိုးတက်ကောင်းမွန်စေရေး သုံးသပ်ခြင်း၊ ပြန်လည်ပြုပြင်ခြင်းတို့ကို ခေတ်စနစ်အခြေအနေနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ ပြုပြင်ခြင်း ဆောင်ရွက်ရာတွင်လည်း မိမိ ပတ်ဝန်းကျင်၊ လူမျိုး၊ ဘာသာ၊ ဓလေ့ထုံးတမ်း အစဉ်အလာတို့ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တီထွင်ကြံဆနိုင်မှု၊ စဉ်ဆက်မပြတ်လေ့လာမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ခေါင်းဆောင်မှု၊ ပင်ကိုအရည်အသွေး၊ အရည်အချင်းတို့သည်လည်း အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း ဆောင်ရွက်ရာတွင် ပိုမိုအောင်မြင်မှု ဖြစ်ပေါ်စေရေး အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်ပါကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် သာမက မိမိဌာန၊ အဖွဲ့အစည်းများအတွင်း မည်သည့် အချက်အလက်များ ပြုပြင်ပြောင်းလဲမှု ပြုလုပ်သင့်သည်၊ တိုးတက်မှု ရရှိစေရေး မည်သည့် လုပ်ငန်းပိုင်းကို သုံးသပ်သင့်သည် စသည်ဖြင့် အမြဲမပြတ် တွေးခေါ်ကြံဆကြရန် ဖြစ်ပါကြောင်း၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ်တို့တွင် ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် အားလုံးမှ တက်တက်ကြွကြွ ဆွေးနွေးခဲ့သဖြင့် အောင်မြင်မှုများစွာ ရရှိခဲ့ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပိုမိုကောင်းမွန်စေရေး ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ဆွေးနွေးကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ယခုကျင်းပသည့် တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲသည် အဖွဲ့အစည်းတစ်ရပ်၏ ရည်မှန်းချက်ပန်းတိုင်များ ပြီးမြောက်အောင်မြင်ခြင်းမှတစ်ဆင့် ပြည်သူများ၏ အကျိုးစီးပွားကို ပိုမိုဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် "အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းမှုပုံစံများ ပုံဖော်ရေးဆွဲခြင်း" ခေါင်းစဉ်နှင့် "အဖွဲ့အစည်းဆိုင်ရာ ဓလေ့ထုံးစံ" ခေါင်းစဉ်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့တွင် "အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှု" ခေါင်းစဉ်နှင့် "အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု" ခေါင်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့တွင် ပထမနေ့နှင့် ဒုတိယနေ့များတွင် ဆွေးနွေးခဲ့သည့် ခေါင်းစဉ်အလိုက် စုဖွဲ့၍ဆွေးနွေးခြင်း၊ ယင်းဆွေးနွေးမှု ရလဒ်များကို ပြန်လည်တင်ပြခြင်းတို့ကို ပြုလုပ်ခဲ့ပြီး ဆွေးနွေးတင်ပြခဲ့သည့်အပေါ် တစ်ဦးချင်းအလိုက်၊ အုပ်စုအလိုက် ဆုချီးမြှင့်ပေးအပ်ခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကာလမှာ ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိဖြစ်ပြီး အရာထမ်း၊ အမှုထမ်း ၆၆ ဦးတို့က သတ်မှတ်ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (–၁) ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့၊ ကျောက်မဲမြို့နှင့် ပင်လောင်းမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် (၀ ဒသမ ၇၅) လက်မ၊ ကော့သောင်းမြို့တွင် (၀ ဒသမ ၁၆) လက်မနှင့် လောင်းလုံးမြို့တွင် (၀ ဒသမ ၁၂) လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ဒီမိုကရေစီဆိုတိုင်း ဒီမိုကရေစီမဟုတ်ပါ

*ဇော်ဇော်အောင် (မန္တလေး)*





ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုအား မလိုလားသူ ဒီမိုကရေစီအရေခြုံအကြမ်းဖက်သမားများက ၃-၂-၂၀၂၂ ရက်နေ့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲမှ သင်ရိုးညွှန်းတမ်းစာအုပ်များကို မီးရှို့ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံ။

**❖ သံတမန်ရေးနည်းလမ်း၊ စီးပွားရေးနည်းလမ်း၊ မီဒီယာပေါင်းစုံကနေ လူအများရဲ့ နိုင်ငံရေးဆိုင်ရာ အသိဉာဏ်တွေ ချုတ်ခြုံကျပြီးတော့ အလုံးစုံပျက်သုဉ်းစေမယ့်နည်းလမ်း စသည်ဖြင့် နည်းလမ်းပေါင်းစုံသုံးပြီးတော့ နိုင်ငံကို ထိုးနှက်တိုက်ခိုက်နေ**

**❖ လက်တွေ့မှာက ဒီမိုကရေစီစံနှုန်းတွေကို မတည်ဆောက်ရသေးခင် ဖျက်လိုဖျက်ဆီးလုပ်နေတာကို အားပေးအားမြှောက် ပြုနေကြတာဖြစ်ပြီးတော့ ဒီမိုကရေစီ ထွန်းကားမယ့်ကိစ္စနဲ့ ပြောင်းပြန်ဖြစ်တဲ့ တစ်ပါတီကြီးစိုးရေးကို တိုက်ရိုက်ရော သွယ်ဝိုက်ပါ အားပေးအားမြှောက်ပြုပြီး နိုင်ငံကို ဖျက်ဆီးနေကြကြောင်း အထင်အရှား မြင်တွေ့လာရ**

ဒီမိုကရေစီထွန်းကားဖို့ဆိုရင် နိုင်ငံတစ်နိုင်ငံဟာ ဒီမိုကရေစီအမှန်တကယ် ထွန်းကားနိုင်စေတဲ့ လမ်းကြောင်းမှန်ပေါ်မှာ လျှောက်လှမ်းနေဖို့ မဖြစ်မနေ လိုအပ်ပါတယ်။ ဒီမိုကရေစီစံနှုန်းတွေကို ပုံမှန်ဖွံ့ဖြိုးရှင်သန်လာစေရေး အင်တိုက်အားတိုက် ပြုစုပျိုးထောင်နေဖို့ မဖြစ်မနေ လိုအပ်ပါတယ်။ နိုင်ငံသားတွေနဲ့ နိုင်ငံရေး အဖွဲ့အစည်း (နိုင်ငံရေးပါတီ)တွေမှာ ဒီမိုကရေစီဓလေ့စရိုက် ပေါ်ထွန်းစေဖို့ သင်ယူလေ့ကျင့်နေရန် မဖြစ်မနေ လိုအပ်ပါတယ်။ နိုင်ငံရေး ဆိုင်ရာ အင်စတီကျူးရှင်းတွေကို ဒီမိုကရေစီနဲ့ စပ်အပ်လျော်ညီပြီး ခိုင်မာတောင့်တင်းတဲ့ အင်စတီကျူးရှင်းတွေအဖြစ် တည်ဆောက်ဖို့ မဖြစ်မနေ လိုအပ်ပါတယ်။ မြန်မာနိုင်ငံကို ဒီမိုကရေစီစနစ်ထွန်းကားပြီး တိုးတက်သာယာဝပြောတဲ့ ငြိမ်းချမ်းတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် မြင်လိုတွေ့လိုကြောင်း တွင်တွင်အော်နေကြတဲ့နိုင်ငံတချို့ဟာ အမှန်စင်စစ်မှာတော့ မြန်မာနိုင်ငံကောင်းစားမှာကို လုံးဝမလိုလားကြောင်း အထင်အရှားတွေ့မြင်နိုင်တဲ့အထောက်အထားတွေ မြောက်မြားစွာရှိနေပြီဆိုတာ တွေ့မြင်လာရပါတယ်။ အထူးသဖြင့် လစ်ဘရယ်ဒီမိုကရေစီစနစ်တစ်ခုတည်းကိုမှ ကောင်းတဲ့နိုင်ငံရေးစနစ်ပါလို့ ဟစ်ကြွေးကြပြီးတော့ တစ်ကမ္ဘာလုံးမှာ လစ်ဘရယ်ဝါဒတစ်ခုတည်းသာ လွှမ်းမိုးစေလိုတယ်ဆိုတဲ့ အနောက်နိုင်ငံကြီးတွေရဲ့ စိတ်စေတနာကို အခုအချိန်အခါမှာ မျက်ဝါးထင်ထင် တွေ့မြင်လာရပြီဖြစ်ပါတယ်။

### ၂၀၂၀ နိုင်ငံရေးပြဿနာ

၁၉၈၈ ခုနှစ် နိုင်ငံရေးဆိုင်ရာ အကျပ်အတည်းကြီး ပေါ်ပေါက်ခဲ့စဉ် ကာလကတည်းက မြန်မာပြည် ဒီမိုကရေစီရရှိရေးအတွက် ကူညီထောက်ပံ့မယ်ဆိုတဲ့ နိုင်ငံတချို့ဟာ လက်တွေ့မှာ ဒီမိုကရေစီဖြစ်ထွန်းစေမယ့် ကူညီထောက်ပံ့မှုမျိုး လုံးဝလက်တွေ့ လုပ်ဆောင်ခဲ့ခြင်းမရှိတာကို တွေ့ရပါတယ်။ ဒီထက်ဆိုးတာကတော့ မြန်မာနိုင်ငံ ပျက်စီးရာပျက်စီးကြောင်းကို နည်းလမ်းပေါင်းစုံနဲ့ တိုက်ရိုက်ရော သွယ်ဝိုက်ပြီးတော့ပါ အင်တိုက်အားတိုက် ဆောင်ရွက်လာခဲ့တာဟာ အခု ၂၀၂၀ နိုင်ငံရေးပြဿနာပေါ်ပေါက်ခဲ့တဲ့ ကာလကို ရောက်လာတဲ့အခါမှာလည်း နည်းလမ်းဟောင်းတွေအတိုင်းပဲ နှောင့်ယှက်ဖျက်ဆီးကြတာ တွေ့ရပါတယ်။ ပိုဆိုးလာတာကတော့ ၁၉၈၈ တုန်းကလိုမဟုတ်တော့ဘဲ ပိုပြီးတော့ ပြင်းပြင်းထန်ထန် ပြောင်ကျကျ လုပ်ကိုင်ဆောင်ရွက်လာကြတာ တွေ့ရပါတယ်။

### ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံသားများအဖြစ်

ဒီမိုကရေစီ ဘိုးအေနိုင်ငံကြီးတွေလို့ နာမည်ကျော်ကြတာဖြစ်တာမို့ ဒီမိုကရေစီနဲ့ပတ်သက်ရင် အကျွမ်းတဝင်ပိုင်ပိုင်နိုင်နိုင်ရှိလှတဲ့ နိုင်ငံကြီးတွေဖြစ်ပါတယ်။ သူတို့ကြွေးကြော်ကြသလို မြန်မာနိုင်ငံကို အမှန်တကယ် မေတ္တာထားကြတာ မှန်ရင်၊ စေတနာကောင်းကြတာ မှန်ရင်၊ ငြိမ်းချမ်းစေလိုကြတာ မှန်ရင်၊ တိုးတက် ဖွံ့ဖြိုးစေလိုကြတာမှန်ရင်၊ မြန်မာနိုင်ငံသားတွေကို ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံသားတွေအဖြစ် မြင်တွေ့လိုကြတာမှန်ရင်၊ ချမ်းသာကြွယ်ဝစေလိုကြတာမှန်ရင်၊ အသိပညာတွေ မြင့်မားလာစေလိုကြတာမှန်ရင် သူတို့အနေနဲ့ အလွယ်တကူပဲ လေ့ကျင့်ပျိုးထောင်ပေးလို့ရပါတယ်။ စနစ်တကျ အခိုင်အမာ တဖြည်းဖြည်းချင်း တိုးတက်ဖွံ့ဖြိုးလာအောင် နည်းလမ်းတကျနဲ့ ကူညီပံ့ပိုးလို့ ရပါတယ်။ ဒီမိုကရေစီစနစ်နဲ့ကိုက်ညီတဲ့ စံနှုန်းတွေ၊ ဓလေ့စရိုက်တွေ၊ ရေခံမြေခံကောင်းတွေဖြစ်တည်လာဖို့ကို လွယ်လွယ်ကူကူနဲ့ပဲ ကူညီပံ့ပိုးပေးလို့ရပါတယ်။

သို့သော် ဒီနိုင်ငံတွေဟာ လက်တွေ့မှာတော့ မြန်မာ့နိုင်ငံရေးယဉ်ကျေးမှုဟာ ဒီမိုကရေစီစနစ်နဲ့ အံဝင်ခွင်ကျဖြစ်မလာနိုင်ဖို့၊ ဒီမိုကရေစီစနစ်ကို ထောက်ပံ့ပေးနိုင်မယ့် အင်စတီကျူးရှင်းတွေ တောင့်တောင့်တင်းတင်း ပေါ်ပေါက်မလာနိုင်ဖို့၊ မြန်မာနိုင်ငံသားတွေဟာ ဒီမိုကရေစီအလေ့အကျင့်ကို ယဉ်ပါးလာကြပြီးတော့ ရင့်ကျက်တဲ့နိုင်ငံသားတွေ၊ စည်းလုံးညီညွတ်တဲ့ နိုင်ငံသားတွေ၊ အသိပညာမြင့်မားတဲ့ နိုင်ငံသားတွေ ဖြစ်မလာနိုင်ကြစေဖို့ကို စနစ်တကျနဲ့ အင်တိုက်အားတိုက် ဆောင်ရွက်နေတာ တွေ့ရပါတယ်။

### နိုင်ငံရေးပါတီများ

ဒီနိုင်ငံတွေ မြန်မာနိုင်ငံအပေါ် စေတနာစစ်စစ်မှန်မှန်ထားတာ အမှန်ဖြစ်ရင် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးအတွက် လုပ်သင့်လုပ်ထိုက်တဲ့ နည်းလမ်းတွေကို ရှာဖွေပံ့ပိုးကြမှာဖြစ်ပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်လာနိုင်ဖို့ သူတို့အနေနဲ့ လက်တွေ့လွယ်လင့်တကူ ကူညီပံ့ပိုးနိုင်တာတွေ တစ်ပုံတစ်ပင်ရှိပါတယ်။ နိုင်ငံရေးပါတီတွေ အားကောင်းသန်စွမ်းလာစေဖို့ အကြံပြုနိုင်တာတွေလည်း အများကြီးရှိပါတယ်။ ပြည်တွင်းက အဖွဲ့အစည်းတွေအချင်းချင်း၊ နိုင်ငံသားတွေအချင်းချင်း ညီညွတ်လာကြဖို့ အားပေးကူညီနိုင်တဲ့ ကိစ္စတွေလည်း အများကြီးရှိပါတယ်။ သို့သော်လက်တွေ့မှာတော့ တိုင်းပြည်ငြိမ်းချမ်းတည်ငြိမ်မှုပျက်ပြားစေဖို့၊ နိုင်ငံရေးပါတီတွေ တဖြည်းဖြည်း အင်အားချည့်နဲ့လာကြစေဖို့နဲ့ နိုင်ငံသားတွေအချင်းချင်း တစ်နေ့တခြား အမုန်းတွေ၊ အငြိုးတွေ ကြီးလာပြီးတော့ တိုင်းပြည်ပြိုလဲတဲ့အထိ ဖြစ်ဖို့ အားကြိုးမာန်တက်ကို ဆောင်ရွက်လာကြတာ တွေ့ရပါတယ်။ သံတမန်ရေး နည်းလမ်း၊ စီးပွားရေး နည်းလမ်း၊ မီဒီယာပေါင်းစုံကနေ လူအများရဲ့ နိုင်ငံရေးဆိုင်ရာ အသိဉာဏ်တွေ ချုတ်ခြုံကျပြီးတော့ အလုံးစုံ ပျက်သုဉ်းစေမယ့်နည်းလမ်း စသည်ဖြင့် နည်းလမ်းပေါင်းစုံသုံးပြီးတော့ နိုင်ငံကို ထိုးနှက်တိုက်ခိုက်နေကြပါတယ်။

၂၀၂၀ ရွေးကောက်ပွဲကနေ ပေါ်ပေါက်လာတဲ့ နိုင်ငံရေးအကျပ်အတည်းကို ပကတိအရှိအတိုင်း သိမြင်အောင် လေ့လာ သုံးသပ်ပြီးတော့ ရသင့်ရထိုက်တဲ့ အဖြေကောင်းတစ်ခုရဖို့ တရားနည်းလမ်းကျကျ ကူညီကြားဝင်နားချဖြေရှင်းဖို့ ကြိုးစားကြရမယ့်အစား သူတို့စိတ်ကြိုက် ခြယ်လှယ်ကြိုးကိုင်လို့ ရလောက်မယ့် အနေအထားမျိုးတစ်ခု မရတော့တာကြောင့် တမင်ဘက်လိုက်ပြီးတော့ တစ်ဖက်က အမှားမှန်သမျှကို လုံးဝ မျက်ကွယ်ပြုပြီး တိုင်းပြည်တစ်ပြည်ရဲ့ မရှိမဖြစ်တဲ့ စစ်ဘက်ဆိုင်ရာ အင်စတီကျူးရှင်းကို နိုင်ငံသားတွေ နဲ့ ထိပ်တိုက်ပြဿနာဖြေရှင်းရမယ့် ချောက်ကမ်းပါးနှုတ်ခမ်းကို တွန်းပို့တဲ့ ကိစ္စကြီးမှာ အကြီးအကျယ် ပါဝင်ကြံစည်လုပ်ဆောင်ခဲ့ကြတာကို အထင်အရှား မြင်တွေ့ရပါတယ်။

### အခြေခံအကျဆုံး ဒီမိုကရေစီအခွင့်အရေး

မြန်မာပြည် အမှန်တကယ် ကောင်းစားစေချင်တာမှန်ရင်၊ ဒီမိုကရေစီကို အမှန်တကယ်ဖြစ်ထွန်းစေချင်ကြတာမှန်ရင် ဒီမိုကရေစီစံတွေကို ချိုးဖျက်ပြီးတော့ လုပ်ချင်တိုင်းလုပ်သွားတဲ့ကိစ္စကို မသိကျိုးကျွန်လုပ်နေလို့ မရပါဘူး။ နိုင်ငံသားတွေရဲ့အခြေခံအကျဆုံး ဒီမိုကရေစီအခွင့်အရေးဖြစ်တဲ့ မဲပေးခွင့်ကို အလွဲသုံးစားပြုပြီးတော့ ဒီမိုကရေစီကို နင်းချေဖျက်ဆီးပြီး တစ်ပါတီကြီးစိုးရေးကို ပြောင်ကျကျလုပ်သွားတဲ့ကိစ္စကို မျက်ကွယ်ပြုနေလို့မရပါဘူး။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကို တည်ဆောက်ဖို့ ကြိုးစားနေဆဲ နိုင်ငံတစ်နိုင်ငံသာဖြစ်ပါတယ်။ ဒီမိုကရေစီ ကောင်းကောင်းကြီး ထွန်းကားနေပြီးသားနိုင်ငံလည်း မဟုတ်သေးပါဘူး။ ဒါကြောင့် ပါတီတစ်ခုက အနိုင်ရဖို့ထက် ဘယ်ပါတီပဲနိုင်နိုင် တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ဘယ်သူပဲအစိုးရဖြစ်ဖြစ် ဒီမိုကရေစီစံနှုန်းတွေ တဖြည်းဖြည်း ပီပြင်လာအောင်၊ ခိုင်မာလာအောင် တည်ဆောက်နိုင်ရေးအတွက် ဒီလိုနိုင်ငံတွေအနေနဲ့ ပံ့ပိုးကူညီသင့်တာဖြစ်ပါတယ်။ လက်တွေ့မှာက ဒီမိုကရေစီစံနှုန်းတွေကို မတည်ဆောက်ရသေးခင် ဖျက်လိုဖျက်ဆီး

*စာမျက်နှာ ၉ သို့*

၄-၂-၂၀၂၂ ရက်နေ့က ဒီမိုကရေစီအရေခြုံ PDF အကြမ်းဖက်အဖွဲ့က မကွေးတိုင်းဒေသကြီး ဆောမြို့နယ်ရှိ ဌာနဆိုင်ရာ ရုံး/အဆောက်အဦများအား မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံများ။



စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



ကျေးလက်ဖွံ့ဖြိုးရေးရုံး ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



မီးသတ်ယာဉ် ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



မြို့နယ်စာရင်းစစ်ရုံး ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



မြို့နယ်စီမံကိန်းရုံး ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



စည်ပင်ရုံး ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၈ မှ*

လုပ်နေတာကို အားပေးအားမြှောက် ပြုနေကြတာဖြစ်ပြီးတော့ ဒီမိုကရေစီ ထွန်းကားမယ့်ကိစ္စနဲ့ ပြောင်းပြန်ဖြစ်တဲ့ တစ်ပါတီကြီးစိုးရေးကို တိုက်ရိုက်ရော သွယ်ဝိုက်ပါ အားပေးအားမြှောက်ပြုပြီး နိုင်ငံကို ဖျက်ဆီးနေကြကြောင်း အထင်အရှား မြင်တွေ့လာရပါတယ်။ နောက်ဆုံး နိုင်ငံရေးအရ အင်မတန်မှ ဖြေရှင်းရ ခက်ခဲတဲ့ ပြဿနာတွေ ဖြစ်ပေါ်လာတဲ့ အခါမှာ နိုင်ငံရေးနည်းနဲ့ (ဒီမိုကရေစီ အမှန်တကယ်ထွန်းကားဖို့ အထောက် အပံ့ဖြစ်နိုင်မယ့် ငြိမ်းချမ်းတဲ့ နည်းလမ်းတွေနဲ့) အဲဒီပြဿနာတွေကို ဖြေရှင်းဖို့အတွက် ဝိုင်းဝန်းတိုက်တွန်း ဖျောင်းဖျတာတွေ၊ ကူညီပံ့ပိုးတာတွေ လုပ်ရမယ့်အစား နိုင်ငံသားတွေ စည်းလုံး ညီညွတ်မှုပြိုကွဲပြီးတော့ နိုင်ငံတစ်ခုလုံး ပျက်စီးစေဖို့ရည်ရွယ်တဲ့ မစဉ်းစားသင့်တဲ့ နည်းလမ်းတွေနဲ့ လုပ်ကိုင်ဆောင်ရွက် ကြဖို့ နည်းလမ်းပေါင်းစုံနဲ့ အားပေး အားမြှောက်ပြုနေကြပါတယ်။ မတူကွဲပြား တဲ့ နိုင်ငံရေးအယူအဆရှိသူတွေ၊ မတူ ကွဲပြားတဲ့ ယုံကြည်ချက်ရှိသူတွေကို ရပ်တည်လို့မရအောင် (မရပ်တည်ရဲ အောင်) အကြီးအကျယ် နှိပ်ကွပ်တဲ့အလုပ် ကို တွင်တွင်ကျယ်ကျယ်ကြီးကို အားပေး အားမြှောက်ပြုနေတာ တွေ့ရပါတယ်။

နိုင်ငံတစ်နိုင်ငံဟာ သူ့အခြေခံ ဥပဒေနဲ့ သူ့နိုင်ငံရေးလည်ပတ်ရပါတယ်။ ဒီမိုကရေစီထွန်းကားပြီးသား ရင့်ကျက် ပြီးသား နိုင်ငံတွေအနေနဲ့ ဒါကိုမသိမရှိ သိကြပါတယ်။ မြန်မာနိုင်ငံဟာ မြန်မာ နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ သွားနေတာဖြစ်ပါတယ်။ ဒီမိုကရေစီကို အလွဲသုံးစားလုပ်ပြီးတော့ အာဏာကို ရယူဖို့ကြိုးစားရင် ဘယ်လိုအရေးယူ ဆောင်ရွက်ရမယ်ဆိုတာကို အဲဒီအခြေခံ ဥပဒေမှာ အတိအကျပြဋ္ဌာန်းထားပါ တယ်။ ရွေးကောက်ပွဲဝင်တဲ့ နိုင်ငံရေး ပါတီတိုင်း၊ နိုင်ငံရေးသမားတိုင်းဟာ ဒီအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပဋိညာဉ်ကို လိုက်နာပြီးသားဖြစ်ရပါ မယ်။ ဒီအခြေခံဥပဒေကို အာဏာရယူ ရေးအတွက် ချိုးဖောက်ပြီးတော့ မဲဆန္ဒရှင် နိုင်ငံသားတွေရဲ့ အခွင့်အရေးတွေကို အလွဲသုံးစားပြုခြင်းဟာ ဒီမိုကရေစီ စံချိန်စံညွှန်းတွေကို ပြောင်ကျကျ ချိုးဖောက်ခြင်းသာ ဖြစ်ပါတယ်။ ဒါကို ဒီမိုကရေစီထွန်းကားပါတယ်ဆိုတဲ့ နိုင်ငံ



၇-၁-၂၀၂၂ ရက်နေ့က ဒီမိုကရေစီနှင့် လူ့ကျင့်ဝတ်များကို ချိုးဖောက်၍ ဆူပူအကြမ်းဖက်သူများ၏ မီးရှို့မှုကြောင့် မြောင်းမြမြို့နယ် ကံကုန်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း မီးလောင်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

**❖ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အမှန်တကယ် ထွန်းကားလာဖို့ဆိုရင် ကိုယ့်နိုင်ငံသားတွေကပဲ ကိုယ်တိုင်ကိုယ်ကျ စည်းလုံးညီညွတ်စွာနဲ့ ကြိုးစားတည်ဆောက်ခြင်းကသာ အသေချာဆုံးဖြစ်တယ်ဆိုတာကို ပြတ်ပြတ်သားသား၊ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ကြဖို့ အချိန် ကျရောက်နေပြီ**

တချို့၊ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အမှန်တကယ် ဖြစ်ထွန်းစေလိုပါတယ် ဆိုတဲ့ နိုင်ငံတချို့က မသိကျိုးကျွန်ပြု ရုံမကဘဲနဲ့ အဲဒီလိုဥပဒေချိုးဖောက်သူ တွေကို အားပေးအားမြှောက်ပြုပြီးတော့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစစ အရာရာ ကမောက်ကမဖြစ်အောင် ဆောင်ရွက် လုပ်ကိုင်နေကြခြင်းကို သုံးသပ်ကြည့်မယ်ဆိုရင် ဒီနိုင်ငံတွေဟာ မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံ အဖြစ် ပေါ်ထွန်းလာစေချင်တဲ့ဆန္ဒ အစစ် အမှန်မရှိကြောင်း၊ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံ မှာ သူတို့နိုင်ငံတွေရဲ့ အကျိုးစီးပွားကို ကာကွယ်ထားနိုင်ရေးအတွက် မြန်မာ့ နိုင်ငံရေးကို ခြယ်လှယ်စွက်ဖက်တဲ့နည်း ကို နည်းလမ်းတစ်ရပ်၊ ဗျူဟာတစ်ရပ် အဖြစ် သတ်မှတ်ဆောင်ရွက်ခြင်းသာ ဖြစ်ကြောင်း၊ ဒေသတွင်း တည်ငြိမ်မှု ပျက်ပြားပြီးတော့ စီးပွားရေးအရ အလား အလာကောင်းတွေရှိနေတဲ့ အာရှကို ချည့်နဲ့သွားစေရေးအတွက် မြန်မာနိုင်ငံ ဟာ ပထဝီနိုင်ငံရေးအရ အချက်အချာ ကျလှတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်တာနဲ့အညီ မြန်မာနိုင်ငံမှာ မတည်ငြိမ်မှုတွေ ဖြစ်ပေါ် နေစေအောင် ရည်ရွယ်တာသက်သက်လို့ ပြောလို့ရပါတယ်။

**ဒီမိုကရေစီစံနှုန်းများ**

ဒီမိုကရေစီ ဖြစ်ထွန်းရေးအတွက် ဆိုရင် ဒီမိုကရေစီစံနှုန်းတွေက အင်မတန်မှ အရေးကြီးပါတယ်။ စံနှုန်းတွေ ဖြစ်တည် မလာဘဲနဲ့ ဒီမိုကရေစီ ဘယ်လိုမှ မထွန်းကားနိုင်ပါဘူး။ လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲများ ဖြစ်ပေါ်ရေး၊ နိုင်ငံသားတိုင်း လွတ်လပ်စွာ ဥပဒေနဲ့ညီညွတ်စွာ မဲပေးနိုင်ကြရေး၊ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိနိုင် ကြရေး၊ လွတ်လပ်စွာ ယုံကြည်ယူဆခွင့် ရှိနိုင်ကြရေး စတာတွေဟာ အင်မတန်မှ အရေးကြီးလှတဲ့ ဒီမိုကရေစီ ဘယ်လောက်ထွန်းကားပြီလဲဆိုတာကို လက်တွေ့တိုင်းတာလို့ရတဲ့ စံနှုန်းတွေ ဖြစ်ပါတယ်။ ဒီစံနှုန်းတွေ ဖြစ်တည်လာ ဖို့ဆိုရင် အဓိကနိုင်ငံရေးပါတီတွေမှာ တာဝန်ရှိပါတယ်။

လူတိုင်းရင်ထဲမှာ ဒီစံနှုန်းတွေ ကိန်းဝပ်လာကြရအောင်၊ ဒီစံနှုန်းတွေနဲ့ အညီ နိုင်ငံရေးစနစ်တစ်ခုလုံးက လည်ပတ်နေအောင်၊ ဥပဒေများကလည်း ဒီစံနှုန်းတွေကို အထောက်အပံ့ပြုအောင် အဓိက ဦးဆောင်ဦးရွက်ပြုပြီးတော့ လက်တွေ့ကျကျ ဆောင်ရွက်သင့်တာက နိုင်ငံရေးသမားတွေနဲ့ နိုင်ငံရေးပါတီတွေ ဖြစ်ပါတယ်။ ဒီမိုကရေစီရေးအတွက် ကူညီချင်ပါတယ်၊ ထောက်ပံ့ချင်ပါတယ် ဆိုတဲ့ နိုင်ငံတွေအနေနဲ့လည်း မြန်မာ နိုင်ငံမှာ ဒီစံနှုန်းတွေလက်တွေ့ကျကျ ဖြစ်တည်လာအောင် စေတနာမှန်၊ သဘောထားမှန်ရင် ကူညီရမှာဖြစ်ပါ တယ်။ ဒီလိုမဟုတ်ဘဲနဲ့ နိုင်ငံရေးသမား တွေက ဒီစံနှုန်းတွေကို ဖျက်လိုဖျက်ဆီး တွေလုပ်၊ ဒီလိုလုပ်တာကိုပဲ အဲဒီလိုနိုင်ငံ တွေက အားပေးအားမြှောက်ပြုတယ် ဆိုတဲ့ကိစ္စတွေဟာ ဒီမိုကရေစီထူထောင် နေပါတယ်ဆိုတဲ့၊ ဒီမိုကရေစီထွန်းကား စေလိုပါတယ်ဆိုတဲ့ စကားတွေနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာကို အထင်အရှားမြင်တွေ့နေရပါတယ်။

**နိုင်ငံနှင့်နိုင်ငံသားများ၏ အကျိုးစီးပွား**

ဒါကြောင့် မြန်မာ့နိုင်ငံရေးမှာ အကျိုး ဆိုင်သူတွေအားလုံးအနေနဲ့ နိုင်ငံနဲ့ နိုင်ငံ သားတွေရဲ့ အကျိုးစီးပွားကိုအမှန်တကယ် လိုလားကြတယ်ဆိုရင် ဒီမိုကရေစီ ထွန်းကားစေချင်ပါတယ်ဆိုတဲ့ နိုင်ငံတိုင်း ဟာ သဘောထားမှန်ကြတာမဟုတ် ကြောင်း နားလည်သဘောပေါက်ကြပါ။ ဒီမိုကရေစီ စကားလုံးကြားရရုံနဲ့ ဒီမိုကရေစီဆိုတာ မသေချာကြောင်းကို နားလည်သဘောပေါက်ကြပါ။ နိုင်ငံကို လက်တွေ့ တည်ဆောက်နိုင်ဖို့ဆိုရင်၊ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အမှန်တကယ် ထွန်းကားလာဖို့ဆိုရင် ကိုယ့်နိုင်ငံသား တွေကပဲ ကိုယ်တိုင်ကိုယ်ကျ စည်းလုံး ညီညွတ်စွာနဲ့ ကြိုးစားတည်ဆောက်ခြင်း ကသာ အသေချာဆုံးဖြစ်တယ်ဆိုတာကို ပြတ်ပြတ်သားသား၊ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ကြဖို့ အချိန် ကျရောက်နေပြီဖြစ်ကြောင်း သတိပေး မေတ္တာရပ်ခံ တိုက်တွန်းလိုရင်းဖြစ်ပါ တယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)နှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)နှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ (ယာပုံ)





တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသလို နိုင်ငံတည်ငြိမ်ရေး၊ ပြည်သူများ စားဝတ်နေရေး အဆင်ပြေပြီး စိတ်ချမ်းသာစွာ သွားလာနေထိုင်နိုင်ရေးကိုလည်း အလေးထား ကြိုးစားဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ပါက မြန်ဆန်စွာ အောင်မြင်မည်ဖြစ်ပါကြောင်း၊ ယခုနှစ် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကြီးကို အချိန်တိုအတွင်း ခမ်းနားထည်ဝါစွာ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်မှာ ပြည်သူများ၊ ဝန်ထမ်းများ၊ တာဝန်ရှိသူများအားလုံး၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ဖြစ်ပါကြောင်း။

မိမိအနေဖြင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများကို လေးစားအားကိုးပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများအား ဘာသာတရားအခြေခံသဘောတရားများကို သိရှိအောင် အဖွဲ့မှ တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ဘာသာတရားအပေါ် နားလည်ယုံကြည်မှုရှိလျှင် စိတ်သဘောထား ရင့်ကျက်ခိုင်မာလာမည် ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း မီဒီယာနည်းလမ်းပေါင်းစုံဖြင့် ပြည်သူလူထုထံ သတင်းမှန်များ ပျံ့နှံ့ရောက်ရှိစေရေး ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း အားလုံးနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ပညာရေးကို အဓိကထားပြီး အားပေးမြှင့်တင်ပေးလျက်ရှိသလို တိုင်းပြည်စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့အနေဖြင့်လည်း နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌ ဦးရဲထွန်းက အသင်းဖွဲ့စည်းဆောင်ရွက်နေမှုများ၊ ၃၈ ဖြာ မင်္ဂလာတရားတော်နှင့် အဘိဓမ္မာသင်တန်းတို့ကို အွန်လိုင်းမှသင်ကြားပို့ချနိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် YMBA အသင်းအတွင်းရေးမှူးနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ကဏ္ဍအလိုက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့၊ ပြည်ထောင်စုအလံတော် သယ်ယူရေးအဖွဲ့နှင့် စစ်ရေးပြအောင်မြင်စွာ ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့၊ ပြည်ထောင်စုအလံတော် သယ်ယူရေးအဖွဲ့နှင့် စစ်ရေးပြအောင်မြင်စွာ ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တက်ရောက်အမှာစကားပြောကြားသည်။ (အောက်ပုံ)**





အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ချီတက်တပ်ခွဲကြီးကြပ်သူ၊ တပ်ခွဲမှူး၊ တပ်စုမှူးများနှင့် ချီတက်တပ်ခွဲတွင် ပါဝင်သည့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက အခမ်းအနားသို့ တက်ရောက်လာကြသည့် ဝန်ထမ်းများအနေဖြင့် ပြည်ထောင်စုအလံတော် သယ်ယူရေးအဖွဲ့ တာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းနှင့် ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပပြုလုပ်ခဲ့သည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ ဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲတွင် ပါဝင်ပြီး အောင်မြင်ပြီးမြောက်အောင် ဂုဏ်ပြုချီတက်ခဲ့မှုအား နိုင်ငံတော်ကိုယ်စား၊ ဝန်ကြီးဌာန ကိုယ်စား ဂုဏ်ပြုအမှာစကားပြောကြားရန် ယခုအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုဟုဆိုလိုက်လျှင် မတူကွဲပြားမှုများဖြင့် စုစည်းနေထိုင်ခြင်း၊ ပေါင်းစည်းခြင်း၊ ညီညွတ်ခြင်းသဘောတို့ ပါဝင်ကြောင်း၊ စုစည်းမှု၊ ညီညွတ်မှုမရှိဘဲ ပြည်ထောင်စုအဖြစ် မည်သို့မျှ တည်ဆောက်၍ မရနိုင်ကြောင်း၊ ပြည်ထောင်စုနှင့် ညီညွတ်ရေးသည် ခွဲခြား၍ မရနိုင်ကြောင်း၊ ပြည်ထောင်စု အမှတ်သရုပ်သည် အားလုံးပါဝင်သော စည်းလုံးညီညွတ်မှုပင် ဖြစ်ကြောင်း၊ လွယ်လွယ်ကူကူရရှိလာခဲ့သည့် စုပေါင်းအင်အား မဟုတ်ဘဲ နိုင်ငံ၏စည်းလုံးခြင်းအမှတ်လက္ခဏာ ပင်လုံစာချုပ် ချုပ်ဆိုသည့်နေ့ကို ပြည်ထောင်စုနေ့အဖြစ် နှစ်စဉ်ကျင်းပလာခဲ့ပြီး (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ပြည်ထောင်စု တိုင်းရင်းသားများ လက်ခံကျင့်သုံးနေသည့် ဒီမိုကရေစီသည် သွေးခွဲဝါဒ၊ သပ်လျှိုဝါဒ မဟုတ်ကြောင်း၊ အထူးသဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဖြိုခွဲရန် မဟုတ်ကြောင်း၊ ထို့အတူ တိုင်းရင်းသားများ၏ ပြည်ထောင်စုနှင့် ယဉ်ကျေးမှု၊ ဘာသာတရားကို ဖျက်ဆီးရန်လည်း မဟုတ်ခဲ့ကြောင်း၊ အဆိုပါကျင့်စဉ်သည် အကောင်းမြင်ဝါဒကို အခြေခံကြောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းမှုကို ပေးစွမ်းသည့် ဓမ္မလွှမ်းရန်ဖြစ်ကြောင်း၊ အဓမ္မမှုနှင့် ဆူပူမှု၊ သွေးကွဲမှုချုပ်ငြိမ်းစေရန် ဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ ရှိပြီးသား စည်းလုံးမှု၊ ညီညွတ်မှုကို ပိုမိုခိုင်မာစေရန်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီသည် လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းအတွက် ကျင့်သုံးရမည့် ကန့်သတ်ဘောင်ရှိကြောင်း၊ စည်းကမ်းရှိခြင်း၊ စည်းမဲ့ကမ်းမဲ့၊ ဥပဒေမဲ့ခြင်း မဟုတ်ဘဲ ဥပဒေဘောင်အတွင်းက ဖြစ်ကြောင်း၊ တိုင်းရင်းသားမျိုးဆက်သစ်များ၏ အိမ်၊ ကျောင်း၊ ရပ်၊ ရွာ၊ လုပ်ငန်းခွင်၊ အဖွဲ့အစည်းများအတွင်း ဒီမိုကရေစီကိုကျင့်သုံးလျှင် မြန်မာတိုင်းရင်းသားလူ့အဖွဲ့အစည်းက လက်ခံထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ လူ့ကျင့်ဝတ်နှင့် ဥပဒေဘောင်အတွင်းက ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးဆောင်ရွက်ရမည် ဖြစ်ကြောင်း။

ယခုကဲ့သို့ ထူးခြားသည့် နေ့ထူးနေ့မြတ်ဖြစ်သည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် စိတ်ပါလက်ပါ တက်ညီလက်ညီ ချီတက်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် စိတ်ဓာတ်ကို ထင်ရှားစွာတွေ့ရှိရပါကြောင်း၊ ဒုတိယဝန်ကြီး ဦးစီးသည့် ပြည်ထောင်စုအလံတော် သယ်ယူရေးအဖွဲ့နှင့် ဝန်ကြီးဌာနပေါင်းစုံ ချီတက်ရာတွင် စစ်ကြောင်းပုံဖြင့် ညီညီညာညာ စနစ်တကျ ထူးခြားသိသာစွာ ဆောင်ရွက်နိုင်ခဲ့သည့် ချီတက်တပ်ခွဲ ဝန်ထမ်းများအား အကောင်းဆုံးချီတက်နိုင်ရေး အတွက် ပါဝင်ကူညီခဲ့သည့် အထောက်အကူပြု ဝန်ထမ်းများ၊ ဦးစီးဌာနအဖွဲ့များမှ တာဝန်ရှိသူများ အားလုံးကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြည်ထောင်စုနေ့ ချီတက်ပွဲတွင် အောင်အောင်မြင်မြင်ဖြစ်ရေး လိုက်ပါဆောင်ရွက်ခဲ့သည့် စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းဆောင်ရည်တို့အား အသိအမှတ်ပြုကြောင်း ပြောကြားပြီး (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် အလံတော်သယ်ယူရေးအဖွဲ့နှင့် ချီတက်တပ်ခွဲကြီးကြပ်သူ၊ တပ်ခွဲမှူး၊ တပ်စုမှူးများ၊ ချီတက်တပ်ခွဲတွင် ပါဝင်သည့်ဝန်ထမ်းများကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

○*ကျောဖုံးမှ*

မြန်မာနှင့် အာဆီယံအကြား ပူးပေါင်းဆောင်ရွက်ရေး တိုးတက်မှုရရှိရန် အာဆီယံဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံတို့က မည်သို့ပင် ကြိုးပမ်းစေကာမူ မြန်မာနိုင်ငံက “မူ” အရ လက်မခံနိုင်သည့် ယခင်ဆုံးဖြတ်ခဲ့သည့်အခြေအနေသို့ ပြန်လည်ရောက်ရှိလာသည်ကို စိတ်မကောင်းစွာ တွေ့ရပါသည်။ သို့ဖြစ်ပါ၍ အာဆီယံတွင် နိုင်ငံတိုင်း တန်းတူရည်တူ ပါဝင်တက်ရောက်ခွင့်ရှိရေးဟူသည့် မူနှင့်ထုံးတမ်းစဉ်လာများကို သွေဖည်နေသည့်အတွက် မလွှဲမရှောင်သာသော အခြေအနေကြောင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ မြန်မာနိုင်ငံက ပါဝင်တက်ရောက်နိုင်မည်မဟုတ်သကဲ့သို့ နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ပုဂ္ဂိုလ်ကိုလည်း စေလွှတ်တက်ရောက်စေနိုင်မည်မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ တန်းတူရည်တူရှိရမည့် “မူ” နှင့်အညီ လက်ရှိ အာဆီယံအလှည့်ကျဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်နိုင်ငံများနှင့် အပြုသဘော ဆက်လက်ထိတွေ့ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများပါဝင်သည့် တရားမမှုများဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများပါဝင်သည့် တရားမမှုများဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၂)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။**(ယာပုံ)**

သင်တန်း ဖွင့်ပွဲသို့ ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာ သီတာဦးနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၅ ဦးတို့ တက်ရောက်ကြသည်။

သင်တန်း ဖွင့်ပွဲတွင် ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်က ဤသင်တန်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေပညာ ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသော ဥပဒေအရာရှိများသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တရားလို သို့မဟုတ် တရားပြိုင်အဖြစ် ပါဝင်သော တရားမ မူလမှု၊ အယူခံမှု၊ အထူးအယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေလျှောက်ထားမှုများနှင့် စပ်လျဉ်း၍ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်းပြုရန် တာဝန်ရှိသည့်အားလျော်စွာ ယင်းတရားမမှုများတွင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကိုယ်စား တရားလို သို့မဟုတ် တရားပြိုင်အဖြစ် တာဝန်ယူ ဆောင်ရွက်ရသည့် အရာထမ်းများနှင့် အမှုလိုက်ပါ ဆောင်ရွက်ပေးရသည့် ဥပဒေအရာရှိများကို စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်နှင့် တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု မဟာဗျူဟာ စီမံကိန်း (၂၀၂၀-၂၀၂၄) ၏ ရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် လည်းကောင်း ရည်ရွယ်၍ ဖွင့်လှစ်ခြင်း ဖြစ်ပါကြောင်း။

အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း ပါဝင်သည့် တရားမမှုတစ်မှု ရှုံးနိမ့်ခဲ့မည်ဆိုပါက နိုင်ငံတော်အတွက် ဘဏ္ဍာငွေများ အပါအဝင် အခြားသော ဆုံးရှုံးမှုများ ဆုံးရှုံးစေခြင်းပင် ဖြစ်သောကြောင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တရားလို သို့မဟုတ် တရားပြိုင်အဖြစ် ပါဝင်သော တရားမမှုများတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းကိုယ်စား တရားလို သို့မဟုတ် တရားပြိုင်အဖြစ် တာဝန်ယူ ဆောင်ရွက်ရသည့် အရာထမ်းများနှင့် အမှုလိုက်ပါ ဆောင်ရွက်ပေးရသည့်ဥပဒေအရာရှိများသည် တာဝန်အလွန် ကြီးမားပါကြောင်း၊ ထို့ကြောင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကိုယ်စား တရားလို သို့မဟုတ် တရားပြိုင်အဖြစ် တာဝန်ယူ ဆောင်ရွက်ရသည့် အရာထမ်းများနှင့် အမှုလိုက်ပါ ဆောင်ရွက်ပေးရသည့် ဥပဒေအရာရှိတို့သည် အပြန်အလှန်ဟန်ချက်ညီညီ လက်တွဲညှိနှိုင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကိုယ်စား တရားလို သို့မဟုတ် တရားပြိုင်အဖြစ် တာဝန်ယူ ဆောင်ရွက်ရသည့် အရာထမ်းများနှင့် အမှုလိုက်ပါ ဆောင်ရွက်ပေးရသည့် ဥပဒေအရာရှိ တစ်ဦးဦး၏ လိုအပ်ချက်တစ်ရပ်ရပ်ကြောင့် အမှုရှုံးနိမ့်ရသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများ အပါအဝင် အခြားသောဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး ပို့ချပေးသွားမည် ဖြစ်သည့်အတွက် သင်တန်း တက်ရောက်ခွင့်ရသည့် သင်တန်းသားများ အနေဖြင့် ထူးမြတ်သည့် အကျိုးကျေးဇူး ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ၏ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ဗဟိုလုပ်ငန်းအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်သည့် သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ အထူးစီးပွားရေးဇုန် သုံးဇုန်ဖွံ့ဖြိုးတိုးတက်ရန် ဗဟိုအဖွဲ့နှင့်ဗဟိုလုပ်ငန်းအဖွဲ့များအား ပြန်လည်ဖွဲ့စည်းထားပြီးဖြစ်သည့်အပြင် စီမံခန့်ခွဲမှုကော်မတီများကိုလည်း ပြန်လည်ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်သည့် ဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၁) ကို ၂၀၂၁ ခုနှစ် ဇွန် ၁ ရက်တွင် ကျင်းပခဲ့ပြီး ဆောင်ရွက်ရမည့်ကိစ္စများကို လမ်းညွှန်မှာကြားထားပြီးဖြစ်ပါကြောင်း၊ ဇုန်များ၏ လုပ်ငန်းများ တိုးတက်ရန်၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ရေးထိုးခဲ့သည့် စာချုပ်များနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်များအနက် သီလဝါအထူးစီးပွားရေးဇုန်၏ လုပ်ငန်းများ အောင်မြင်စွာလည်ပတ်နေသည်ကို တွေ့ရှိရမှာဖြစ်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန် A ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဇုန် B ကိုလည်း အပိုင်းလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလကုန်အထိ စက်ရုံပေါင်း ၁၂၂ ခုနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း အမေရိကန် ဒေါ်လာသန်းပေါင်း ၂၁၄၉ ကျော်ခန့်ရှိနေပြီဖြစ်ပါကြောင်း၊ လက်ရှိတွင် စက်ရုံပေါင်း ၁၀၂ ခု လည်ပတ်လျက်ရှိပြီး သီလဝါအထူးစီးပွားရေးဇုန်သည် အရှိန်အဟုန်နှင့် တိုးတက်နေပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းသည် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သဖြင့် လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်နှင့် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက အထူးစီးပွားရေးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အမှာစာများဖြင့် တင်ပြလမ်းညွှန်မှု ခံယူခဲ့ကြသည်။

ဆက်လက်၍ သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၏ သက်ဆိုင်ရာဇုန်အလိုက် အသေးစိတ်တင်ပြချက်များကို ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မှတ်တမ်းတင် အတည်ပြုခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက Online ဖြင့် ပါဝင်တက်ရောက်ခဲ့ကြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# “အဥ္ဇလီ အငြိမ့်” ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် MRTV မှ ဝန်ထမ်းများ ပါဝင်ဖျော်ဖြေတင်ဆက်သည့် “အဥ္ဇလီ အငြိမ့်” ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၅ ရက်၊ အင်္ဂါနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို MRTV အသံလွှင့်ဌာနခွဲမှ ဦးစီးအရာရှိ ဦးစောမင်းနောင်က စီစဉ်ပြီး မြန်မာ့အသံဆိုင်းဝိုင်းကြီးအဖွဲ့၏ တီးခတ်မှုနှင့်အတူ MRTV မှ ဝန်ထမ်းများ ဖြစ်ကြသည့် ခေါင်းဆောင်မင်းသမီး မြနန္ဒာ၊ ရှေ့ထွက်မင်းသမီး မြတ်ဆုချယ်၊ လူရွှင်တော်များ ဖြစ်ကြသည့် စောမင်းနောင်၊ ကျော်မင်းစိုး၊ လင်းဇော်နိုင်၊ စိုင်းစည်သူ၊ မျိုးကျော်သူနှင့် ကျော်သူရတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဖေဖော်ဝါရီ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်း National News အင်္ဂလိပ်ဘာသာ သတင်းအစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်သူလူထုသို့ အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ ခံစားရခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းတို့ရှိပါက အချိန်နှင့်တစ်ပြေးညီ (၂၄) နာရီပတ်လုံး သတင်းပေးပို့ဆက်သွယ်စုံစမ်းနိုင်ရေးအတွက် ခရိုင်အလိုက် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) များ ဖွဲ့စည်းထားရှိပြီးဖြစ်ရာ အဆိုပါအဖွဲ့များ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ သက်ဆိုင်ရာ ခရိုင်အလိုက် ဆက်သွယ်နိုင်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးလိုသူများအနေဖြင့်လည်း အဆိုပါ ခရိုင်အလိုက် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ သက်ဆိုင်ရာ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များမှ ချိတ်ဆက်ပေးသည့် ဓာတ်ခွဲစစ်ဆေးသည့်နေရာများတွင် နေ့စဉ်နံနက် (၉)နာရီမှ ညနေ (၄) နာရီအထိ ပိတ်ရက်မရှိ COVID-19 Rapid Antigen Test (RDT) နည်းဖြင့် ဓာတ်ခွဲစစ်ဆေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဓာတ်ခွဲစစ်ဆေးချက်အရ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများအနက် ဆေးရုံ/ကိုဗစ်-၁၉ ကုသရေးဌာနများတွင် ကုသမှုခံယူရန်လိုအပ်သော လူနာများအတွက်လည်း ခရိုင်အလိုက် လူနာခုတင်စီမံခန့်ခွဲမှု ကော်မတီ (Bed Management Committee) များက ချိတ်ဆက်ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

တောင်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ
၀၉ ၈၈ ၂၅၅၅၀၆၇
၀၉ ၈၈ ၂၅၅၅၀၆၈
၀၉ ၈၈ ၂၅၅၅၀၆၉

မြောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ် တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ
၀၉ ၈၈ ၂၅၅၅၀၆၃
၀၉ ၈၈ ၂၅၅၅၀၇၁
၀၉ ၈၈ ၂၅၅၆၃၃၈
၀၉ ၈၈ ၂၅၅၆၃၄၀

အနောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့(RRT) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ
၀၉ ၈၈ ၂၅၅၅၀၆၄
၀၉ ၈၈ ၂၅၅၅၀၆၅

အရှေ့ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ
၀၉ ၈၈ ၂၅၅၅၀၄၉
၀၉ ၈၈ ၂၅၅၅၀၆၁
၀၉ ၈၈ ၂၅၅၅၀၆၂

ကျန်းမာရေးဝန်ကြီးဌာန

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်နေ ခိုင်စံအေးသည် ၎င်းအသုံးပြုသည့် "ခိုင်စံအေး" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်နေ စိုးမိုးအောင်(ခ)ကိုမိုးသည် ၎င်းအသုံးပြုသည့် "ကိုမိုး" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

အုပ်စု (ခ) တွင် သုံးသင်းသာပါဝင်ပြီး နောက်တစ်ဆင့် တက်ရောက်နိုင်ရေးအတွက် နှစ်ပွဲစလုံး အရေးပါနေသည်။

**တစ်ပွဲသရေတစ်ပွဲရှုံးနိမ့်ထား**

ယင်းအုပ်စုတွင် ပါဝင်နေသည့် အင်ဒိုနီးရှားအသင်းသည် ပြိုင်ပွဲနီးမှ နုတ်ထွက်ခဲ့သဖြင့် နောက်တစ်ဆင့်တက်ရောက်ရန် အသင်းတိုင်းအခွင့်အရေးရှိလာခြင်းဖြစ်သည်။ မြန်မာအသင်းသည် အာဆီယံ ယူ-၂၃ ပြိုင်ပွဲ (၂၀၁၉ ခုနှစ်တွင် ယူ-၂၂ ပြိုင်ပွဲအဖြစ် ကျင်းပ) ပြုလုပ်သည့် သုံးကြိမ်စလုံး မလေးရှားအသင်းနှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး ပြီးခဲ့သည့် နှစ်ကြိမ်တွင် တစ်ပွဲသရေ တစ်ပွဲရှုံးနိမ့်ထားသည်။

**ရလဒ်ကောင်းရယူထားနိုင်ရန်လိုအပ်**

ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုသုံးခုမှ ထိပ်ဆုံးသုံးသင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်းသာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် အဖွင့်ပွဲဖြစ်သည့် မလေးရှားအသင်းနှင့်ပွဲတွင်လည်း ရလဒ်ကောင်း ရယူထားနိုင်ရန် လိုအပ်နေသည်။

**တတိယဆုရခဲ့**

မြန်မာအသင်းသည် ၂၀၀၅ အာဆီယံ ယူ-၂၃ ပြိုင်ပွဲတွင် တတိယဆုရခဲ့သော်လည်း ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**ရဲရင့်လွင်**

# နိုင်ပွဲပျောက်ဆုံးနေသည့် မန်ယူတို့ ဘရိုက်တန်ကို အနိုင်ယူနိုင်မလား ...

ပရီမီယာလိဂ်ပွဲစဉ် (၁၈) မှ လက်ကျန်ပွဲစဉ်အဖြစ် မန်ယူအသင်းနှင့် ဘရိုက်တန်အသင်းတို့ ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ လက်ရှိတွင် မန်ယူအသင်းသည် ပရီမီယာ လိဂ် ၂၄ ပွဲ ကစားပြီး ရမှတ် ၄၀ ဖြင့် အဆင့် (၄) အတွင်းဝင်ရန် ကြိုးစားနေသည့် အသင်းဖြစ်ပြီး ပြိုင်ဘက် ဘရိုက်တန်အသင်းက ရမှတ် ၃၃ မှတ်ဖြင့် အမှတ်ပေးဇယားအထက်ပိုင်းသို့ တက်လှမ်းရန် ကြိုးစားနေသည့် အသင်းဖြစ်သည်။



ယမန်နှစ်က မန်ယူအသင်းနှင့် ဘရိုက်တန်အသင်းတို့ သုံးကြိမ်တွေ့ဆုံခဲ့ရာတွင် မန်ယူအသင်းက သုံးကြိမ်စလုံး ဘရိုက်တန်အသင်းကို အနိုင်ရရှိထားသည်။ မန်ယူအသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် အိမ်ကွင်း ၁၂ ပွဲတွင် ရမှတ် ၂၀ စုဆောင်းထားနိုင်သလို အဝေးကွင်း ၁၂ ပွဲတွင်လည်း ရမှတ် ၂၀ စုဆောင်းထားနိုင်သည်။ ထို့ကြောင့် မန်ယူအသင်းသည် ယခုနှစ်ရာသီ အိမ်ကွင်း၊ အဝေးကွင်း စွမ်းဆောင်ရည် တည်ငြိမ်နေသည်ဟု ဆိုနိုင်သည်။

ပြိုင်ဘက် ဘရိုက်တန်အသင်းက ယခုနှစ်ရာသီတွင် အိမ်ကွင်းထက် အဝေးကွင်းစွမ်းဆောင်ရည် ပိုမိုကောင်းမွန်နေသည်။ ယခုပွဲစဉ်ကလည်း ဘရိုက်တန်အနေဖြင့် အဝေးကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည့်အတွက် မန်ယူအသင်းအတွက် အခက်တွေ့ဖွယ်ရှိသည်။ မန်ယူအသင်းသည် နောက်ဆုံးကစားခဲ့သည့် ပရီမီယာလိဂ်နှစ်ပွဲတွင် နှစ်ပွဲစလုံး သရေကျထားသည့် အတွက် ယခုပွဲစဉ်ကို နိုင်ပွဲရရှိရေးကိုသာ ဦးတည်လာဖွယ်ရှိသည်။

မန်ယူအသင်းသည် အဆိုပါ နှစ်ပွဲတွင် ပြိုင်ဘက်ကို ဂိုးကန်သွင်းခွင့်အသာ၊ ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း အဆုံးသတ် အားနည်းမှုကြောင့် နိုင်ပွဲနှင့် ဝေးကွာခဲ့ရခြင်းဖြစ်သည်။

ဘရိုက်တန် အသင်းသည် မန်ယူအသင်းနှင့် တွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်သလို နိုင်ပွဲပျောက်ဆုံးနေသည့် မန်ယူတို့ ဘရိုက်တန်ကို အနိုင်ယူနိုင်မလား၊ ယခုပွဲစဉ်တွင် စောင့်ကြည့်ရမည် ဖြစ်သည်။

**အောင်ဇော်**




ဂန္ထဝင်ဘောလုံးသမားကြီး ပီလီ။

## ကင်ဆာရောဂါကုသမှုခံယူရန်အတွက် ပီလီ ဆေးရုံပြန်တက်

**ရီရိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၁၄**

ကင်ဆာရောဂါကို ဆေးကုသမှု ဆက်လက်ခံယူရန်အတွက် ဂန္ထဝင် ဘောလုံးသမားကြီးပီလီမှာ ဆေးရုံပြန်တက်ခဲ့ရကြောင်း ဖေဖော်ဝါရီ ၁၃ ရက်တွင် သိရသည်။

အသက် ၈၁ နှစ်ရှိပြီဖြစ်သော ပီလီသည် စက်တင်ဘာလအတွင်း အူမကြီးမှ အကျိတ်ကို ဖယ်ရှားပြီးနောက် ကင်ဆာကုထုံးအတွက် ဆော်ပိုလိုမြို့ ဆေးရုံတွင် ကုသမှုခံယူခဲ့သည်။ ကုသမှုဆက်လက်ခံယူရန် ဆေးရုံပြန်တက်ခြင်းဖြစ်ကြောင်း အင်စတာဂရမ်တွင် ရေးသားခဲ့သည်။

ပီလီ၏ ရောဂါအခြေအနေနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဖော်ပြထားခြင်း မရှိချေ။ သို့သော်လည်း ပြီးခဲ့သည့်လအတွင်းက ဆေးရုံတွင် နှစ်ရက်တက်ပြီးနောက် ပီလီ၏ အခြေအနေမှာ တည်ငြိမ်နေပြီဖြစ်ကြောင်း ဆရာဝန်များကပြောသည်။

ပီလီမှာ အကြီးကျယ်ဆုံး ကစားသမားအဖြစ် အသိအမှတ်ပြုခံထားရပြီး ကစားပွဲပေါင်း ၁၃၆၃ ပွဲနှင့် ဂိုးပေါင်း ၁၂၈၁ ကို သွင်းယူနိုင်ခဲ့သူ တစ်ဦးဖြစ်သည်။

ဆင်ဟွာ

## အစ္စရေးနိုင်ငံက မော်ရိုကိုသို့ ဒုံးကျည်ကာကွယ်ရေးစနစ် ထောက်ပံ့ပေးမည်

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၄**

အစ္စရေးအစိုးရပိုင် အစ္စရေးလေကြောင်းအာကာသလုပ်ငန်း (အိုင်အေအိုင်)သည် မော်ရိုကိုနိုင်ငံသို့ လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်ကို ထောက်ပံ့ပေးသွားမည်ဟု သိရသည်။

အမေရိကန်ဒေါ်လာ သန်း ၆၀၀ တန်စာချုပ်တွင် လက်မှတ်ရေးထိုးပြီးနောက် ယခုလို ထောက်ပံ့သွားမည်ဟု ပြောကြားခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးမီဒီယာများတွင် ဖေဖော်ဝါရီ ၁၃ ရက်က ဖော်ပြကြသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း အစ္စရေးကာကွယ်ရေးဝန်ကြီး ဘန်နီဂန့်စ် မော်ရိုကိုသို့ လာရောက်ခဲ့ပြီးနောက် သဘောတူညီမှုကို စတင်ခဲ့ကြခြင်းဖြစ်သည်။ အိုင်အေအိုင်သည် မော်ရိုကိုနိုင်ငံကို Barak MX ဒုံးကျည်ကာကွယ်ရေးစနစ်ကို ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

မော်ရိုကိုနှင့်အစ္စရေးနိုင်ငံတို့သည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း သံတမန်ဆက်ဆံရေးပြန်လည်ထူထောင်သည့် သမိုင်းဝင်သဘောတူညီမှုတွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ မော်ရိုကိုနိုင်ငံသည် အိမ်နီးချင်း အယ်ဂျီးရီးယားနှင့် တင်းမာမှုများမြင့်တက်နေချိန် ယခုလို သဘောတူညီမှု ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

## တွန်ဂါနိုင်ငံ၌ ကိုဗစ် - ၁၉ နောက်ထပ်ကူးစက်ခံရသူ ၃၁ ဦး တွေ့ရှိ

**နူကူလိုဖာ ဖေဖော်ဝါရီ ၁၄**

တောင်ပစိဖိတ်ကျွန်းနိုင်ငံ ဖြစ်သည့် တွန်ဂါနိုင်ငံတွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၃၁ ဦး ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်း ရောဂါဖြစ်ပွားနေသူ ဦးရေမှာ ၁၃၉ ဦးအထိ ရှိလာပြီဖြစ်သည်။

လက်ရှိ ကူးစက်ခံထားရသူများအနက် ၁၃၃ ဦးမှာ တွန်ဂါနိုင်ငံ၏ အဓိကကျွန်းဖြစ်သည့် တွန်ဂါတာပူမှ ဖြစ်သည်။ အိုမီခရွန် ကူးစက်မှုမှာ အလွန်လျင်မြန်သည့်အတွက် ပေါ့ပေါ့တန်တန်သဘော မထားသင့်ကြောင်း တွန်ဂါနိုင်ငံ၏ ကျန်းမာရေးဝန်ကြီး ဆိုင်ရပ်ပီယက်ကာလာက ပြောသည်။

တွန်ဂါနိုင်ငံတွင် ဖေဖော်ဝါရီ ၁၀ ရက်က အိုမီခရွန်ကူးစက်မှု တွေ့ရှိခဲ့ခြင်းဖြစ်သည်။ တွန်ဂါနိုင်ငံသားများအနေဖြင့် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ခြင်းနှင့် လူအချင်းချင်း ခပ်ခွာခွာနေရန်နှင့် လက်မကြာခဏ ဆေးကြရန်လည်း တိုက်တွန်းထားသည်။ ဖြစ်နိုင်လျှင် နေအိမ်၌သာ နေရန်လည်း ပြောကြားထားသည်။

လက်ရှိတွင် တွန်ဂါတာပူနှင့် ဗာဗာယူကျွန်းတို့တွင် ၁၄ ရက်ကြာ အသွားအလာပိတ်ဆို့ကန့်သတ်မှု ပြုလုပ်ထားသည်။ အင်္ဂါနေ့နှင့် သောကြာနေ့တို့တွင်သာ ဈေးဝယ်ခွင့် ပြုထားသည်။

တွန်ဂါနိုင်ငံသည် ကျွန်းနိုင်ငံတစ်ခုဖြစ်ပြီး လူဦးရေ တစ်သိန်းကျော်ရှိကာ ၉၈ ရာခိုင်နှုန်းမှာ ပထမအကြိမ် ကာကွယ်ဆေးထိုးပြီးဖြစ်သည်။ နှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသူ ၈၈ ရာခိုင်နှုန်းရှိကာ တတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသူ ၂၀၀၀ ကျော် ရှိသည်ဟု သိရသည်။

ဆင်ဟွာ

## အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄ ဒသမ ၈ သန်းကျော်ရှိလာ

**ဂျကာတာ ဖေဖော်ဝါရီ ၁၄**

အင်ဒိုနီးရှားနိုင်ငံ၌ အိုမီခရွန်ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားမှုမြင့်တက်နေသည့်အချိန်တွင် ဖေဖော်ဝါရီ ၁၄ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၆၅၀၁ ဦးရှိကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူပေါင်းမှာလည်း ၄၈၄၄၂၇၉ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၁၄၅ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၁၄၅၃၂၂ ဦးအထိရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုကို လျှော့ချရန် အစိုးရသည် အမျိုးသားကာကွယ်ဆေးထိုးအစီအစဉ်ကို အရှိန်မြှင့်တင်ခဲ့ရာ ယခုအချိန်အထိ လူပေါင်း ၁၈၈ ဒသမ ၃၃ သန်း ကိုဗစ်-၁၉ ပထမအကြိမ်ထိုးနှံမှု ခံယူပြီးပြီဖြစ်ကာ ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူပေါင်းမှာလည်း ၁၃၅ ဒသမ ၈၁ သန်းကျော်ရှိလာပြီ ဖြစ်သည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံ၌ ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ ၃၄၁၁၃ ဦး တွေ့ရှိ

**နယူးဒေလီ ဖေဖော်ဝါရီ ၁၄**

အိန္ဒိယနိုင်ငံ၌ ဖေဖော်ဝါရီ ၁၄ ရက်က ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ ၃၄၁၁၃ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် စုစုပေါင်း ကူးစက်ခံရသူဦးရေမှာ ၄၂၆၅၅၃၅၅ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်များအရ သိရသည်။

လက်ရှိ ရောဂါခံစားနေရသူဦးရေမှာ ၄၇၈၈၈၂ ဦးရှိပြီး ရောဂါကူးစက်ခံရသူဦးရေ ဆက်တိုက်ကျဆင်းလာသည်မှာ ၂၁ ရက် ဆက်တိုက်ရှိလာပြီဖြစ်သည်။

ကိုဗစ် –၁၉ လူနာပေါင်း ၄၁၆၇၇၆၄၁ ဦးကို အောင်မြင်စွာ ကုသပေးနိုင်ပြီဖြစ်ပြီး ဆေးရုံမှ ဆင်းသွားပြီဖြစ်သည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဆေးရုံမှဆင်းသွားသူဦးရေမှာ ၉၁၉၃၀ ရှိပြီဟု သိရသည်။

ဆင်ဟွာ

## ကိုဗစ် -၁၉ ကူးစက်မှု ကောင်းမွန်လာသည့်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စာသင်ကျောင်းများ ပြန်ဖွင့်မည်

**ဒါကာ ဖေဖော်ဝါရီ ၁၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပညာရေးအင်စတီကျူးရှင်းများကို ဖေဖော်ဝါရီလကုန်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်သွားမည်ဟု ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာက ဖေဖော်ဝါရီ ၁၃ ရက်က ပြောသည်။

ကိုဗစ် -၁၉ အခြေအနေများလည်း ထင်ထားသည်ထက် ပို၍ကောင်းမွန်လာသည့်အတွက် ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။ ကပ်ရောဂါကာလအတွင်း အွန်လိုင်းပေါ်မှ ပညာသင်ကြားရေး ပြုလုပ်ပေးထားသော်လည်း ကျောင်းသားများမှာ သူငယ်ချင်းများနှင့်အတူ စာသင်ခန်းအတွင်းသာ ပညာသင်ယူလိုကြသည်ဟု ဟာဆီနာက ပြောသည်။



၂၀၂၁ ခုနှစ်အတွင်းက ဒါကာမြို့တွင် စာမေးပွဲဖြေဆိုနေကြသည့် ဝန်ထမ်းများကို တွေ့ရစဉ်။

ကပ်ရောဂါအခြေအနေကို ထိန်းထားနိုင်ရန်အတွက် ကာကွယ်ဆေးထိုးနှံမှုများကို လုံလုံလောက်လောက် လုပ်ဆောင်သွားနိုင်ရေး ကြိုးပမ်းသွားမည်ဟုလည်း ၎င်းကဆက်ပြောသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် ဖေဖော်ဝါရီ ၃ ရက်ကစ၍ စာသင်ကျောင်းများ ပိတ်ထားမှုကို ဖေဖော်ဝါရီ ၂၀ ရက်အထိ ဆက်လက်ပြုလုပ်သွားမည်ဟု ကြေညာခဲ့သည်။

၂၀၂၀ ပြည့်နှစ် မတ်လတွင်းမှစတင်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်ပျံ့နှံ့ခဲ့ပြီး စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၁၉၀၉၆၄ ဦးအထိ ရှိလာခဲ့သည်။ သေဆုံးသူ စုစုပေါင်းမှာလည်း ၂၈၁၀၉ ဦးအထိ ရှိလာခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တတိယအကြိမ် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးမှုများ လုပ်ပေးနေပြီဖြစ်သည်။ ကျန်းမာရေးဌာန၏ ထုတ်ပြန်ချက်များအရ တိုင်းပြည်အတွင်း ရောဂါကူးစက်မှုနှုန်းမှာ ၁၄ ဒသမ ၈၅ ရာခိုင်နှုန်းရှိပြီး ဇန်နဝါရီ ၂၅ ရက်ကမူ ၃၂ ဒသမ ၄ ရာခိုင်နှုန်းကျော်ရှိသည်ဟု သိရသည်။

ဆင်ဟွာ



# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပါဝင်ဖျော်ဖြေခဲ့သူများအား ဂုဏ်ပြုပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၄

**နေပြည်တော်တွင်ကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုဂုဏ်ပြုယာဉ်များဖြင့် ပါဝင်ဖျော်ဖြေခဲ့သူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ဂုဏ်ပြုပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နေပြည်တော်တွင် ကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား၌ မန္တလေး တိုင်းဒေသကြီးကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့် အကအလှများဖြင့် တက်ညီလက်ညီ ကြိုးစား ပါဝင်ခဲ့ကြသူများအား ဂုဏ်ပြုစကား ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများအား ဂုဏ်ပြုယာဉ်များ ပြင်ဆင်ဆောင်ရွက်မှု မှတ်တမ်းများကိုပြသပြီး "လှမ်းခဲ့ပေါ့ မန္တလာမြေ" သီချင်းဖြင့် အကအဖွဲ့များနှင့် ကျောက်ဆည် ဆင်အကအဖွဲ့တို့က ဖျော်ဖြေကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ဂုဏ်ပြုကပြမှုတွင် ပါဝင်ခဲ့သူများကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ(ဝဲပုံ) စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှု ဒုတိယနေ့တွင် ပြည်သူများ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့ကြသည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များအား နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသလျက်ရှိရာ ယနေ့ ဒုတိယနေ့တွင် ပြည်သူများတစ်ခဲနက် လာရောက်လေ့လာကြည့်ရှုကြသည်။**



စစ်ကိုင်းတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့မှ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

### ဒေသထုတ်ကုန်များလေ့လာ

အဆိုပါ ဂုဏ်ပြုယာဉ်များတွင် ပြည်သူများ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ခလေ့ထုံးတမ်းများကို ချစ်ခင်တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ဒေသထုတ်ကုန်များကို သရုပ်ဖော်ပြသပေးထားရာ ကျောင်းသားလူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြသည်။

ထို့ပြင် လှပတင့်တယ်ခမ်းနားစွာ ခင်းကျင်းပြသထားသည့် ဂုဏ်ပြုယာဉ်ကြီးများ၊ ရိုးသားဖြူစင်ဖော်ရွေလှသည့် တိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့်လည်းစည်ကားလျက်ရှိသည်။

### ဗဟုသုတများမျှဝေ

တပေါင်းကွင်းအတွင်း သတ်မှတ်နေရာများအလိုက် နေရာယူထားကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ အနေဖြင့်လည်း လာရောက်လေ့လာကြသည့် ပြည်သူများ သိရှိလိုသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများကို အဖွဲ့လိုက်မျှဝေပေးကြသည်။

### ပြည်သူများပါဝင်ဆင်နွှဲ

မကွေးတိုင်း ဒေသကြီး ယဉ်ကျေးမှု အဖွဲ့ဝင်များသည် လှသောအညာမြေ၊ မင်္ဂလာပါ စသည့် အိုးစည်သီချင်းများဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်း တိုင်းဒေသကြီး ယဉ်ကျေးမှုအဖွဲ့ဝင်များသည် လုံ့ရေးပညာသင်အက၊ တုတ်ရှည်ပညာသင်အက၊ ဓားနှစ်လက် ပညာသင်အက၊ သိုင်းပညာအကများဖြင့် လည်းကောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များရှေ့၌ ကပြဖျော်ဖြေကြရာ ဂုဏ်ပြုယာဉ်များကို လာရောက်လေ့လာကြည့်ရှုကြသူ ပြည်သူများကလည်း တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်အတူ ပါဝင်ဆင်နွှဲကြသည်။



မကွေးတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့မှ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးနေကြစဉ်။

### တိုင်းရင်းသားအစားအစာ

အထူးအစီအစဉ်တစ်ခုအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာ အစားအစာများကိုလည်း ပြုလုပ်ရောင်းချပေးလျက်ရှိရာ တစ်ချိန်တည်းတွင် တိုင်းရင်းသား အစားအစာများကို စားသုံးနိုင်သော အခွင့်အရေး ဖြစ်သည့်အတွက် ပြည်သူများ စိတ်ဝင်တစား ကြိတ်ကြိတ်တိုး ဝယ်ယူသုံးဆောင်နေကြသည်ကိုလည်း တွေ့ရသည်။

### လာရောက်လေ့လာနိုင်

ပြည်ထောင်စု နယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ် ၄၆ စီးတို့ကို ခင်းကျင်းပြသခြင်းနှင့် တိုင်းရင်းသားရိုးရာ အစားအစာဆိုင်ခန်းပေါင်း ၂၀ မှ တိုင်းရင်းသားရိုးရာ အစားအစာများကို ရောင်းချပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက်မှစတင်၍ ဖေဖော်ဝါရီ ၁၅ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း မိဘပြည်သူများ လာရောက်လေ့လာ ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်း - မျိုးဆက်သစ်**

**ဓာတ်ပုံ - ကိုကြီးထိန်**

# ၂၀၂၂ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ အချိန်စာရင်းထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

၂၀၂၂ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ ကျင်းပမည့် အချိန်စာရင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ယနေ့ထုတ်ပြန်ထားသည်။ အဆိုပါ အချိန်စာရင်း အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်သည်။

**အစိုးရဓမ္မာစရိယစာမေးပွဲ အချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာ |
|---|---|---|
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၁)ရက်<br>(၃၀-၄-၂၀၂၂)၊ စနေနေ့ | မွန်းတည့်(၁၂)နာရီမှ<br>ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၂)ရက်နေ့<br>(၁-၅-၂၀၂၂)၊ တနင်္ဂနွေနေ့ | - | ကမ္ဘာ့အလုပ်သမားများနေ့<br>နားရက် |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၃)ရက်<br>(၂-၅-၂၀၂၂)၊ တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီမှ<br>ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၄)ရက်<br>(၃-၅-၂၀၂၂)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီမှ<br>ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၅)ရက်<br>(၄-၅-၂၀၂၂)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီမှ<br>ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၆)ရက်<br>(၅-၅-၂၀၂၂)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ<br>ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၇)ရက်<br>(၆-၅-၂၀၂၂)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီမှ<br>ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၈)ရက်<br>(၇-၅-၂၀၂၂)၊ စနေနေ့ | မွန်းတည့်(၁၂)နာရီ<br>မှ<br>ညနေ (၄) နာရီအထိ | **မြန်မာဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ<br>သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ<br>မဇ္ဈိမနိကာယပါဠိအဋ္ဌကထာ<br>သံယုတ္တနိကာယပါဠိအဋ္ဌကထာ<br>အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ<br>ဝိဘင်္ဂဒိပါဠိအဋ္ဌကထာ<br>ပဋ္ဌိသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၉)ရက်<br>(၈-၅-၂၀၂၂)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂)နာရီမှ<br>ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၁)<br>သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌကထာ (၁)<br>ဝိဘင်္ဂဒိပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၁၀)ရက်<br>(၉-၅-၂၀၂၂)၊ တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီမှ<br>ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၂)<br>သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌကထာ (၂)<br>ဝိဘင်္ဂဒိပါဠိအဋ္ဌကထာ (၂) |

**ပါဠိပထမပြန်စာမေးပွဲ အချိန်စာရင်း**

| ရက်စွဲ | အချိန် | အတန်း | ဘာသာရပ် |
|---|---|---|---|
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း<br>(၈)ရက်<br>(၇-၅-၂၀၂၂)၊ စနေနေ့ | မွန်းတည့်(၁၂)နာရီမှ<br>ညနေ (၃)နာရီအထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဝိနည်းကျင့်ဝတ်/ သုကုမာရမဂ္ဂဒီပနီ<br>ဘိက္ခုပါတိမောက်ဘာသာ/ ဓမ္မပဒ<br>ဒွေမာတိကာဘာသာ/ ဓမ္မပဒ<br>" |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း<br>(၉)ရက်<br>(၈-၅-၂၀၂၂)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂)နာရီမှ<br>ညနေ (၃)နာရီအထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ကစ္စည်းသဒ္ဒါကြီးဘာသာ<br>"<br>"<br>" |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း<br>(၁၀)ရက်<br>(၉-၅-၂၀၂၂)၊ တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီမှ<br>ညနေ (၃)နာရီအထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | အဘိဓမ္မတ္ထသင်္ဂဟဘာသာ<br>"<br>"<br>" |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း<br>(၁၁)ရက်<br>(၁၀-၅-၂၀၂၂)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီ<br>မှ<br>ညနေ (၃)နာရီအထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | တိကမာတိကာ<br>တိကမာတိကာ၊ ဒုကမာတိကာနှင့် ဓာတုကထာဘာသာ<br>သုတ္တန္တိကမာတိကာနှင့် ဓာတုကထာဘာသာ<br>အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း<br>(၁၂) ရက်<br>(၁၁-၅-၂၀၂၂)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီမှ<br>ညနေ (၃)နာရီအထိ | ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ယမိုက်အောက်(၅)ကျမ်းဘာသာ<br>ယမိုက်အထက်(၅)ကျမ်းဘာသာ |
| ၁၃၈၄ ခုနှစ်၊<br>ကဆုန်လဆန်း(၁၃)ရက်<br>(၁၂-၅-၂၀၂၂)၊<br>ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ<br>ညနေ (၃)နာရီအထိ | ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ပဋ္ဌာန်းကုသလတိက်ဘာသာ |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း<br>(၁၄)ရက်<br>(၁၃-၅-၂၀၂၂)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီမှ<br>ညနေ (၃)နာရီအထိ | ပထမကြီးတန်း | ဘာသာပြန်ဘာသာ |

မှတ်ချက်။ လူနှင့်သီလရှင်များသည် (၇-၅-၂၀၂၂)ရက်နေ့တွင် ဝိနည်းဘာသာအစား ပထမကြီးတန်း၌ ဓမ္မပဒပါဠိ အဋ္ဌကထာ (သုခဝဂ်မှ အဆုံးထိ)၊ ပထမလတ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (ပဏ္ဏိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးထိ)၊ ပထမငယ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ(အစမှဗာလဝဂ် အဆုံးထိ)၊ အခြေပြုမူလတန်း၌ သုကုမာရမဂ္ဂဒီပနီ(လယ်တီ)တို့ကို ဖြေဆိုကြရန် ဖြစ်ပါသည်။

**သတင်းစဉ်**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေး ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက်နှင့် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မလေးရှားဝိုင် ကျေးရွာရှိ မြကျောက်ဖျာကျောင်းတိုက်၊ သန်လျင်မြို့နယ် အလယ်ကျေးရွာရှိ မုဒိတာမော်ကွန်း ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဓာတုဝိဇ္ဇာဝိပဿနာ ကျောင်းတိုက်၊ သာသနာ့ဟိတကာရီ သီလရှင်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ မြို့ချက်အောင်မြေကျောင်းတိုက်၊ သာသနဝေပုလ္လအေးပါစေ ကျောင်းတိုက်၊ မဟာသန္တာရုံကျောင်းတိုက်၊ ခန္တီးမြို့နယ် ကင်းတော်ကျေးရွာ လောကမာရ်အောင် စေတီ၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သစ်ဆိမ့်ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေဟင်္သာရပ်ကွက်ရှိ ဇမ္ဗူဒီပဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ရန်ကင်းပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇေယျဝတီကျောင်းတိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရွာမပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မောဒယကျောင်းတိုက်နှင့် ကျောက်မဲမြို့နယ်ရှိ သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက်တို့သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိကင်းစင်သော အနာဂတ်နိုင်ငံတော်အတွက် မျိုးဆက်သစ်များ သိကောင်းစရာ

မမွေး *(MA. Corruption and Governance)*
*(M.Ed, Master of Education)*
*(MA. English for Specific Purposes)*

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ ဦးတည်ချက်(၉)ရပ်ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ လမ်းခရီးတွင် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးမျှခြေကို ပျက်စီးစေသော၊ ဆင်းရဲနွမ်းပါးမှုကို ဖြစ်ပေါ်စေသော၊ နိုင်ငံ၏အင်စတီကျူးရှင်း (စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းများ) အပေါ် ယုံကြည်မှုလျော့နည်းစေသော၊ နှစ်ကာလရှည်ကြာစွာ ရှင်သန်အမြစ်တွယ်နေသည့် အဂတိလိုက်စားမှု ပြဿနာ (Endemic Corruption) ကိုလည်း ကိုင်တွယ်ဖြေရှင်းနေရပါသည်။ အဂတိလိုက်စားမှုကို အရှိန်အဟုန်ဖြင့် တိုက်ဖျက်ရာတွင် ပြည်သူလူထု၏ လက်တွဲပူးပေါင်းဆောင်ရွက်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး သိမြင်နားလည်မှု ရေချိန်မြင့်မားရန်လည်း အထူးလိုအပ်လှပါသည်။

### အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

သာမန်ပြည်သူ အများစုတို့က **“အဂတိလိုက်စားမှုဆိုတာ အစိုးရရုံးဌာနနှင့် ဆက်စပ်ပတ်သက်ပြီး ဆောင်ရွက်ရာတွင် အလုပ်လျင်မြန်ပြီးမြောက်စေရေးအတွက် လုပ်ပိုင်ခွင့်ရှိတဲ့ အာဏာရှိသူနှင့် အစိုးရအရာရှိများကို တံစိုးလက်ဆောင် (သို့မဟုတ်) ငွေကြေးပေးခြင်း (လာဘ်ပေးခြင်း၊ လာဘ်ယူခြင်း)”** ဟုသာရိုးရှင်းစွာ နားလည်လက်ခံထားကြပါသည်။ နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သော Transparency International (TI)က အဂတိလိုက်စားမှုအဓိပ္ပာယ်နှင့် ပတ်သက်၍ ယုံကြည်စွာ အပ်နှင်းထားသော အခွင့်အာဏာကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခြင်း (The abuse of entrusted power for private gain) ဟု ဖွင့်ဆိုထားပါသည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ကို **ပုဒ်မ-၃ (က)(၁)၌ “မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကိုတစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန်အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းဟု ဖွင့်ဆိုထားပါသည်။**

**ပုဒ်မ-၃ (က)(၂)တွင် မည်သူမဆို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်း ပြုရာတွင်ဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်မှုရှိသော သဘောတူစာချုပ်တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်း ပြုရာတွင်ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်း”** ဟု ပြည့်စုံစွာ ဖွင့်ဆိုထားပါသည်။




**○ ကိုယ်ကျိုးစီးပွားအတွက် အပြန်အလှန်အပေးအယူပြုပြီး နောက်ကွယ်မှ အင်စတီကျူးရှင်းတစ်ခုလုံးကို ကိုင်တွယ်ထားခြင်းသည် တိုင်းပြည်၏ လူမှုစီးပွားဘဝများနှင့် တရားစီရင်ရေးမဏ္ဍိုင်ကို ယိုင်နဲ့စေခြင်း၊ ဆင်းရဲနွမ်းပါးမှု မြင့်မားလာခြင်း၊ ပြည်သူတို့၏ အစိုးရယန္တရားအပေါ် အယုံအကြည်ကင်းမဲ့ခြင်းကို ပေါ်ပေါက်စေရုံသာမက တိုင်းပြည်၏ ရွေးကောက်ပွဲစနစ်နှင့် နိုင်ငံရေးဆိုင်ရာ ယဉ်ကျေးမှု (Political Culture)ကိုပါ ပျက်စီးစေ**

### အဂတိလိုက်စားမှုပုံစံများ

နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ကဏ္ဍအသီးသီးတွင် နယ်ပယ်အလိုက် အဂတိလိုက်စားမှုပုံစံ အမျိုးမျိုးရှိပါသည်။ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ အကြီးစားအဂတိလိုက်စားမှု (Grand corruption)၊ အသေးစားအဂတိလိုက်စားမှု (Petty corruption) ဟု အကြမ်းဖျင်းဖော်ပြလေ့ရှိပြီး အကြီးစားအဂတိလိုက်စားမှုသည် ချင့်ချိန်ပိုင်ခွင့် အပ်နှင်းခြင်းခံရသော လုပ်ပိုင်ခွင့်အာဏာရှိသူ အဆင့်များတွင် ပျံ့နှံ့ဖြစ်ပေါ်ပြီး အသေးစား အဂတိလိုက်စားမှုသည် အစိုးရဌာနများ၏နိစ္စဓူဝ၊ နေ့စဉ် အုပ်ချုပ်ရေးလုပ်ငန်းများတွင် ဖြစ်ပွားလေ့ရှိပါသည်။ သာမန်ပြည်သူတို့အနေဖြင့် အဂတိလိုက်စားမှုသည် အစိုးရရုံးဌာနများနှင့် ပတ်သက်ဆက်စပ်၍ ဆောင်ရွက်ရသော ကိစ္စရပ်များတွင် ဥပဒေစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ပေးရေး (သို့) ဥပဒေနှင့်ဆန့်ကျင်၍ ဆောင်ရွက်ပေးရေးအတွက် ငွေကြေး၊ တံစိုးလက်ဆောင် ပေးရသည်ဟုသာ နားလည်သဘောပေါက်ကြသည်။ လူအများနားလည်သည့် အဂတိလိုက်စားမှုပုံစံသည် လာဘ်ပေး၊ လာဘ်ယူပုံစံ (Bribery) သာဖြစ်ပြီး သာမန်ပြည်သူအများ လွယ်ကူစွာ နားမလည်နိုင်သော ရှုပ်ထွေးသည့် နိုင်ငံရေး၊ စီးပွားရေးနှင့်ပတ်သက်သော အဂတိလိုက်စားမှုပုံစံများစွာလည်း ရှိနေပါသေးသည်။

### အထက်တန်းလွှာများ၏ အဂတိလိုက်စားမှု (Elite Cartels)

၎င်းအဂတိလိုက်စားမှုပုံစံတွင် ထိပ်ပိုင်းနိုင်ငံရေးသမားများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် အစိုးရအရာရှိကြီးများပါဝင်၍ စီးပွားရေးလုပ်ငန်းများ၊ ရပိုင်ခွင့်များနှင့် အကျိုးအမြတ်များကို ၎င်းတို့ကြားတွင် မျှဝေယူကြပြီး ၎င်းတို့၏ နိုင်ငံရေးဩဇာအာဏာ ခိုင်မာရေးအတွက် ကြိုးပမ်းကြသည်။ ၎င်းလူတန်းစားတို့ကြားတွင် ကွန်ရက်များ ချိတ်ဆက်ကာ နိုင်ငံရေးသမားနှင့် ၎င်းတို့၏ ပါတီအတွက် လိုအပ်သော အထောက်အပံ့နှင့် ရန်ပုံငွေများကို စီးပွားရေးသမားဘက်မှ အပြန်အလှန် အပေးအယူသဘောဖြင့် ထောက်ပံ့ပေးထားပါသည်။ တစ်ဦးတစ်ယောက်ချင်းစီ၏ ငွေကြေး၊ ဥစ္စာအတွက် လာဘ်ပေးလာဘ်ယူခြင်းပုံစံမျိုးထက် အုပ်ချုပ်ရေးအစိုးရယန္တရားကို နောက်ကွယ်မှ မူဝါဒများကို ကြိုးကိုင်ခြင်း၊ စီးပွားရေးနှင့် လူမှုရေးအင်စတီကျူးရှင်းများကို ခြယ်လှယ်ခြင်းစသည့် ပုံစံမျိုးဖြစ်ပါသည်။ ၎င်းတို့၏ ပါတီအဖွဲ့အစည်းများ ရေရှည်အာဏာတည်တံ့ခိုင်မြဲရေးအတွက် သီးခြားအထက်တန်းအလွှာများ၊ နိုင်ငံရေးနှင့် ဆက်နွယ်နေသူများသာပါဝင်သည့် ပုံစံမျိုးဖြစ်၍ ရုံးပြင်ကနားများတွင် ပုံမှန်တွေ့နေကျ ငွေကြေး၊ လက်ဆောင်ပေးခြင်းသကဲ့သို့ သိသာရှင်းလင်းသည့် အဂတိလိုက်စားမှု ဖြစ်စဉ်မျိုးမဟုတ်ဘဲ လုပ်ပိုင်ခွင့်အာဏာကိုအလွဲသုံးစားပြုသည့် အဂတိလိုက်စားမှု ပုံစံဖြစ်ကြောင်း မှတ်သားရပါသည်။

### လူနည်းစုအုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဂတိလိုက်စားမှု (Oligarch and Clans)

အားနည်းသော အုပ်ချုပ်ရေး အင်စတီကျူးရှင်းများတွင် ဖြစ်ပေါ်လေ့ရှိသည့် အဂတိလိုက်စားမှုဖြစ်ပါသည်။ အုပ်ချုပ်သူ လူနည်းစု ( နိုင်ငံရေးသမား၊ မတော်လောဘစီးပွားရေးသမားနှင့် အဆင့်မြင့် အစိုးရအရာရှိကြီးများ)မှ နိုင်ငံရေးနှင့် စီးပွားရေးကို ချုပ်ကိုင်ထားပြီး အစိုးရထံတွင် အာဏာမရှိဘဲ နောက်ကွယ်မှ ကြိုးကိုင်နေသူ လူတစ်စုထံတွင်သာလျှင် အုပ်ချုပ်ရေးနှင့် စီးပွားရေးအာဏာရှိနေပါသည်။ အာဏာရပါတီ(အစိုးရ)၏ ထိပ်ပိုင်းရာထူးများတွင် ၎င်းတို့အကျိုးစီးပွားကို ကူညီဖြည့်ဆည်းပေးသည့် သစ္စာခံများကို ရာထူးနေရာများ ပေးထားကာ အတွင်းအကျဆုံးသော အီလိုက်လူနည်းစု ကွန်ရက် (Intra -Elite Network) ပုံစံသဖွယ် အုပ်ချုပ်ကြပါသည်။

### နိုင်ငံတကာမှသင်ခန်းစာများ

ဖော်ပြပါနိုင်ငံရေးနှင့် ဆက်နွယ်နေသော အကြီးစားအဂတိလိုက်စားမှုပုံစံမျိုးကို ဖွံ့ဖြိုးပြီး နိုင်ငံများတွင်သာမက ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း တွေ့ရှိရပြီး အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုပြီး ပြစ်မှုထင်ရှားစီရင်ခံရသော ရာထူးကြီးမားသည့် ပုဂ္ဂိုလ်များစွာ ရှိပါသည်။ တောင်ကိုရီးယား သမ္မတဟောင်း ပတ်ဂွန်းဟီ (၂၀၁၃-၂၀၁၇) သည် ၂၀၁၇ ခုနှစ်တွင် အဂတိလိုက်စားမှုနှင့် ပတ်သက်ပြီး ရာထူးမှ ဖယ်ရှားခံခဲ့ရကာ တောင်ကိုရီးယား နိုင်ငံသမိုင်း၌ ရွေးကောက်ခံသမ္မတတစ်ဦးအနေဖြင့် ပထမဆုံးရာထူးမှ ဖယ်ရှားခံရသူ ဖြစ်လာခဲ့ပါသည်။ ပြစ်မှုဆိုင်ရာစွဲချက် (၁၈) ချက်နှင့် တရားစွဲဆိုပြီး (၁၆) ချက်မှာပြစ်မှုထင်ရှားခဲ့သည်။ ဆမ်ဆောင်းကုမ္ပဏီအပါအဝင် ကုမ္ပဏီများထံမှ လာဘ်ရယူမှု၊ ၂၀၁၈ ခုနှစ်တွင် National Intelligence Service မှရန်ပုံငွေများကို တရားမဝင်ရယူမှု၊ မလျော်မကန် ဩဇာအာဏာသုံးပြီး မဲဆွယ်စည်းရုံးမှုနှင့် နိုင်ငံ၏ အရေးကြီးသော သတင်းအချက်အလက်ပေါက်ကြားမှုအတွက် အဂတိလိုက်စားမှုနှင့် တရားစွဲဆိုခံရကာ ၂၀၁၈ ခုနှစ်တွင် ထောင်ဒဏ်(၂၅)နှစ်ချမှတ် ခံခဲ့ရပါသည်။ အီလိုက်လူတန်းစားအလွှာ ကွန်ရက်ပုံစံဖြင့် အဂတိလိုက်စားမှုကို ဖိလစ်ပိုင်နိုင်ငံတွင် အရေးယူနိုင်ခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ အမျိုးသမီး သမ္မတဟောင်း ဂလိုဒီယာ မာကာပါကယ် အာရိုင်ယို (Gloria Macapagal Arroyo) နှင့် ၎င်း၏ ခင်ပွန်းဖြစ်သူသည် တရုတ်ဆက်သွယ်ရေးကုမ္ပဏီနှင့် ပတ်သက်သည့် ကန်ထရိုက်ကိစ္စရပ်တွင် အဂတိလိုက်စားမှု၊ ရွေးကောက်ပွဲ မဲမသမာမှု၊ လာဘ်စားမှု၊ ထီလက်မှတ်ရန်ပုံငွေ ဒေါ်လာ ၈ ဒသမ ၈ သန်းကျော် အလွဲသုံးစားမှု စသည်တို့ဖြင့် တရားစွဲခံခဲ့ရပါသည်။ နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးရောထွေးလျက်ရှိ၍ ကိုယ်ကျိုးစီးပွားပဋိပက္ခ၊ နိုင်ငံရေးဆိုင်ရာ အဂတိလိုက်စားမှုများကို ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် နိုင်ငံနှင့် လူမျိုးတို့ အကျိုးဖြစ်ထွန်းစေမည့် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ တာဝန်ခံမှု ပါဝင်သည့် ဥပဒေနှင့်မူဝါဒများကို ချမှတ်နိုင်ရေးအတွက် အဟန့်အတားဖြစ်စေပါသည်။

အင်ဒိုနီးရှားနိုင်ငံမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဖြစ်သည့် The Corruption Eradication Commission (KPK) သည် ၎င်းစတင်တည်ထောင်သည့် ၂၀၀၃ ခုနှစ်မှစတင်၍ နိုင်ငံရေးဆိုင်ရာ အဂတိလိုက်စားမှုများကို အရှိန်အဟုန်ဖြင့် တိုက်ဖျက်ခဲ့ရာ ပါလီမန်အမတ် ၂၅၀၊ မြို့တော်ဝန် ၁၀၀၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ၂၀၊ ဝန်ကြီးနှင့် ထိပ်ပိုင်းနိုင်ငံရေးသမား၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တရားစီရင်ရေးပိုင်းမှအရာရှိ ၂၇ ဦးကို အရေးယူနိုင်ခဲ့သည်ဟု မှတ်သားခဲ့ရပါသည်။

အကြီးစားအဂတိလိုက်စားမှုသည် တစ်ဦးတစ်ယောက်စီက ကျူးလွန်သော အဂတိလိုက်စားမှု (Individual corruption) ပုံစံထက် အင်စတီကျူးရှင်းတစ်ခုလုံးက

*စာမျက်နှာ ၁၇ သို့*

> ❊ ၂၀၂၀ ပြည့်နှစ်တွင် ကောက်ယူသောစစ်တမ်းတွင် မြန်မာနိုင်ငံ၏ ၉၃ ရာခိုင်နှုန်းသော ပြည်သူလူထုမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့် ကော်မရှင်အပေါ် ယုံကြည်ကိုးစားမှုရှိကြောင်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ကျေနပ်အားရမှုရှိကြောင်း တွေ့ရှိရ
>
> ❊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူသည့် တတိယကော်မရှင် သက်တမ်းကာလမှစတင်ကာ အသေးစားအဂတိလိုက်စားမှုများသာမက အကြီးစား အဂတိလိုက်စားမှုများကို ပိုမိုစိစစ် တိုက်ဖျက်လာသည်ကို တွေ့ရ

*စာမျက်နှာ ၁၆ မှ*

လိုက်စားပျက်စီးနေသည့် အဂတိလိုက်စားမှုပုံစံမျိုး (Institutional corruption) ဖြစ်သည်။ ဝိသမလောဘ စီးပွားရေးသမားများမှ အကျင့်ပျက်နိုင်ငံရေးပါတီများကို နောက်ကွယ်မှ ထောက်ပံ့ကူညီပြီး ၎င်းတို့ စီးပွားရေးလုပ်ငန်းများတွင် အပြန်အလှန် ပိုမိုအဆင်ပြေလာစေရေး၊ မတရားအကျိုးအမြတ်ရရှိရေးအတွက် နိုင်ငံ၏စီးပွားရေး၊ လူမှုရေးနှင့် တရားစီရင်ရေးမူဝါဒများကို ၎င်းတို့အကျိုးစီးပွားအတွက် လိုသလို မသိမသာပြောင်းလဲစေခြင်းများ ပြုလုပ်လေ့ရှိပါသည်။ ဤသို့ ကိုယ်ကျိုးစီးပွားအတွက် အပြန်အလှန်အပေးအယူပြုပြီး နောက်ကွယ်မှ အင်စတီကျူးရှင်းတစ်ခုလုံးကို ကိုင်တွယ်ထားခြင်းသည် တိုင်းပြည်၏ လူမှုစီးပွားဘဝများနှင့် တရားစီရင်ရေးမဏ္ဍိုင်ကို ယိုင်နဲ့စေခြင်း၊ ဆင်းရဲနွမ်းပါးမှု မြင့်မားလာခြင်း၊ ပြည်သူတို့၏ အစိုးရယန္တရားအပေါ် အယုံအကြည်ကင်းမဲ့ခြင်းကို ပေါ်ပေါက်စေရုံသာမက တိုင်းပြည်၏ရွေးကောက်ပွဲစနစ်နှင့် နိုင်ငံရေးဆိုင်ရာ ယဉ်ကျေးမှု (Political Culture)ကို ပါပျက်စီးစေပါသည်။

**မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆောင်ရွက်ချက်များ**

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ကြိုးပမ်းခဲ့ရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်လက်ထက်တွင် လာဘ်ပေးလာဘ်ယူမှုများ လျော့နည်းပပျောက်စေရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၈.၁.၂၀၁၃ ရက်စွဲပါစာ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၃ ဖြင့် “လာဘ်ပေးလာဘ်ယူမှု အရေးယူရေးကော်မတီ” ကို ဖွဲ့စည်းခဲ့ပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၇.၈.၂၀၁၃ တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃/၂၀၁၃ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့သည့် ၁၇.၉.၂၀၁၃ မှ စတင်ကာ အာဏာတည်ခဲ့ပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့သော ၂၀၁၄ ခုနှစ်မှစ၍ အဂတိလိုက်စားမှုများကို စုံစမ်းစစ်ဆေး အရေးယူခြင်းများ ပြုလုပ်နိုင်ရေး၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် ပညာပေးရေး အစီအစဉ်များကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်များ ချမှတ်ခြင်း၊ ကော်မရှင်တွင် ခေတ်ကာလနှင့် လျော်ညီသော လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များ ရေးဆွဲထုတ်ပြန်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေများရေးဆွဲခြင်း၊ တိုင်ကြားစာများအား စနစ်တကျ စိစစ်ကိုင်တွယ်ခြင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ(Corruption Prevention Units) ဖွဲ့စည်းပြီး ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ မော်လမြိုင်မြို့တွင် ကော်မရှင်ရုံးခွဲများဖွင့်လှစ်ခြင်း၊ နိုင်ငံတကာနှင့်ဒေသတွင်းရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပထမအကြိမ်ကော်မရှင်မှ ယခု တတိယကော်မရှင်သက်တမ်းအထိ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်းကို မြင်တွေ့ရပါသည်။ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့အစည်း (Transparency International )၏ အဂတိလိုက်စားမှု ညွှန်းကိန်းဖော်ပြချက်အရ ကော်မရှင်စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်တွင် နိုင်ငံပေါင်း ၁၇၅ နိုင်ငံအနက် မြန်မာနိုင်ငံ၏ အဆင့်မှာ ၁၅၆ ရှိခဲ့ရာ၊ ၂၀၂၁ ခုနှစ်တွင် နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၁၄၀ ရရှိခဲ့ပါသည်။ ကမ္ဘာလုံးဆိုင်ရာ အဂတိလိုက်စားမှုညွှန်းကိန်း (Global Corruption Barometer) ၏ ၂၀၂၀ ပြည့်နှစ်တွင် ကောက်ယူသောစစ်တမ်းတွင် မြန်မာနိုင်ငံ၏ ၉၃ ရာခိုင်နှုန်းသော ပြည်သူလူထုမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့် ကော်မရှင်အပေါ် ယုံကြည်ကိုးစားမှုရှိကြောင်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ကျေနပ်အားရမှုရှိကြောင်း တွေ့ရှိရသည်။

**တတိယအကြိမ် ကော်မရှင်ကာလ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူသည့် တတိယကော်မရှင်သက်တမ်းကာလမှ စတင်ကာ အသေးစား အဂတိလိုက်စားမှုများ သာမက အကြီးစားအဂတိလိုက်စားမှုများကို ပိုမိုစိစစ် တိုက်ဖျက်လာသည်ကို တွေ့ရပါသည်။ ရာထူးတာဝန်များကို အလွဲသုံးစားပြုလုပ်ခြင်း၊ တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများကို ဖောက်ဖျက်ခြင်းကြောင့် နိုင်ငံတော်အတွက် ငွေကြေးနှင့် ပစ္စည်းများစွာ ဆုံးရှုံးစေသော နိုင်ငံရေးနှင့် အုပ်ချုပ်ရေးအာဏာရှိသူများ၏ အကြီးစားအဂတိလိုက်စားမှုများကို ဖော်ထုတ်အရေးယူလျက်ရှိပါသည်။ အကြီးစားအဂတိလိုက်စားမှုများအား စုံစမ်းစစ်ဆေးအရေးယူခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်တွင် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့သူ တစ်ဦး၊ အဆင့်မြင့်အရာရှိ သုံးဦးတို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် တရားစွဲဆိုအရေးယူနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံရေးရာထူးလက်ရှိဖြစ်သူနှင့် အဆင့်မြင့်အရာရှိတို့ကို အရေးယူခဲ့ခြင်းမတွေ့ရသော်လည်း ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့သူ ၅၇ ဦးနှင့် အဆင့်မြင့်အရာရှိ လေးဦးတို့ကို အရေးယူနိုင်ခဲ့သည်ကို မှတ်သားရပါသည်။

**ကောင်းမွန်သော နိုင်ငံရေးဆန္ဒ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အရေးပေါ်အခြေအနေကာလတွင် အုပ်ချုပ်ရေး၊ လုံခြုံရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများကို တိုးတက်မှုရရှိစေရန် ဆောင်ရွက်ရာတွင် အရေးကြီးသည့် အဂတိလိုက်စားမှု ကင်းစင်ရေးကို အလေးထား ကြိုးပမ်းလျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းရေး၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူ၊ တာဝန်ခံမှု မြင့်မားလာစေရေးအတွက် နိုင်ငံရေးဆန္ဒပြင်းပြမှု (Political Will) နှင့် သမိုင်းမှတ်တိုင်တစ်ခုကို စိုက်ထူလျက်ရှိပါသည်။ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ဖော်ပြပါရှိသည့် **“အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး”** ရည်မှန်းချက်အတိုင်း နိုင်ငံ၏အုပ်ချုပ်ရေးပိုင်းတွင် ပွင့်လင်းမြင်သာမှု၊ ဖြောင့်မတ်တည်ကြည်မှုစသည့် နိုင်ငံရေးဆိုင်ရာ ယဉ်ကျေးမှုကို တည်ဆောက်ကာ နောင်လာမည့် အနာဂတ်မျိုးဆက်သစ်များအတွက် အေးချမ်းသာယာပြီး ခေတ်မီတိုးတက်သည့်၊ အဂတိကင်းစင်သော နိုင်ငံတော်ပေါ်ပေါက်ရေးအတွက် နိုင်ငံရေးဆန္ဒ အပြည့်အဝဖြင့် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း ထင်ရှားလှပါသည်။ ။

**ကိုးကား**

- **Global Corruption Barometer (2020) ASIA 2020 CITIZENS ’**
- **https://www.transparency.org/en/publications/gcb-asia-2020**
- **Syndrome of Corruption by Michael Johnston**
- **www.accm.gov.mm (အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



## ဖေဖော်ဝါရီ ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၈၆ ဦး တွေ့ရှိ

### ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ ၁ ဦးရှိ

(၁၄–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၃,၈၇၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၅၈၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၆.၆၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၇၁၃,၆၉၈)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၄၈,၃၅၇) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅၄၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၈,၀၇၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၁)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၁) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၄–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၈၆) ခု | (၁၆၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၀) ခု | (၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၉၉) ခု | (၆၄) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၀၃) ခု | (၁၄၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၈၇၁) ခု | (၁၇၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၉,၂၁၄) ခု | (၁,၀၃၁) ဦး |
| စုစုပေါင်း | (၂၃,၈၇၄) ခု | (၁,၅၈၆) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၁၄ - ၂ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၉၃၂၅၅၇၆ | ၄၉၈၃၆၈၉၃ | ၉၄၃၄၁၁ |
| ၂။ | အိန္ဒိယ | ၄၂၆၆၅၃၄ | ၄၁၆၇၇၆၄၁ | ၅၀၉၀၄၃ |
| ၃။ | ဘရာဇီး | ၂၇၄၈၃၀၃၁ | ၂၃၇၈၃၄၄၃ | ၆၃၈၄၄၉ |
| ၄။ | ပြင်သစ် | ၂၁၇၀၈၈၂၇ | ၁၆၆၆၆၁၀၉ | ၁၃၄၈၀၄ |
| ၅။ | ဗြိတိန် | ၁၈၃၀၆၈၅၉ | ၁၆၀၂၉၇၂၅ | ၁၅၉၅၇၀ |
| ၆။ | ရုရှား | ၁၄၃၁၃၉၆၅ | ၁၁၃၃၃၀၄၄ | ၃၄၀၉၃၁ |
| ၇။ | တူရကီ | ၁၂၉၀၈၃၂၁ | ၁၁၉၈၅၃၇၀ | ၉၀၅၄၂ |
| ၈။ | ဂျာမနီ | ၁၂၃၈၇၀၇၈ | ၈၈၃၈၈၀၀ | ၁၂၀၅၈၀ |
| ၉။ | အီတလီ | ၁၂၁၀၅၆၇၅ | ၁၀၃၁၅၉၈၇ | ၁၅၁၀၁၅ |
| ၁၀။ | စပိန် | ၁၀၆၀၄၂၀၀ | ၇၃၆၁၆၉၄ | ၉၅၉၉၅ |

### ၁၄-၂-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၈၄၄၂၇၉ | ၄၃၂၃၁၀၁ | ၁၄၅၃၂၁ |
| ဖိလစ်ပိုင် | ၃၆၃၉၉၄၂ | ၃၅၀၈၂၃၉ | ၅၅၀၉၄ |
| မလေးရှား | ၃၀၄၀၂၃၅ | ၂၈၅၂၄၃၇ | ၃၂၁၂၅ |
| ထိုင်း | ၂၆၀၈၂၂၇ | ၂၄၅၅၈၃၂ | ၂၂၄၆၅ |
| ဗီယက်နမ် | ၂၅၄၀၂၇၃ | ၂၂၃၂၉၄၇ | ၃၉၀၃၇ |
| မြန်မာ | ၅၄၈၃၅၇ | ၅၁၈၀၇၆ | ၁၉၃၁၁ |
| စင်ကာပူ | ၄၆၉၄၉၅ | ၄၃၀၀၈၅ | ၈၉၇ |
| လာအို | ၁၃၉၂၄၄ | ၁၃၄၈၄၇ | ၅၉၇ |
| ကမ္ဘောဒီးယား | ၁၂၃၉၅၅ | ၁၁၈၉၆၀ | ၃၀၁၅ |
| ဘရူနိုင်း | ၂၃၉၉၂ | ၁၇၄၁၄ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၂-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက် အခါတော်နေ့ တရားတော်
၀၈:၃၅ ဆောင်းနှတ်ဆက်ပွဲတပို့တွဲပွဲတော်ထမနဲ
၀၉:၁၅ နှစ်ဂုဒ်ပေါ်သထသီလခံယူဆောက်တည်ခြင်း
၀၉:၄၀ ရာစုနှစ်(၃)စုကိုဖြတ်သန်းခဲ့ရာကျောင်းရှာ
၁၀:၃၀ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)
၁၂:၃၀ 'စိတ်ကောင်းရှိပါ' တရားတော်
၁၃:၃၀ MRTV National News
၁၃:၄၅ ရုပ်မြင်သံကြားဇာတ်လမ်း 'တွဲလက်ညီညီသစ္စာတည်'
၁၆:၃၅ ကလောင်စွမ်းဖြင့်ဉာဏ်အလင်း တံခါးဖွင့်ပေးကြသူများ
၁၇:၁၀ မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော် (အပိုင်း-၂)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၄၀ ခေတ်အဆက်ဆက်ထင်ဟပ်ခဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ကြေးမုံပြင်
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ (၇၆)နှစ်မြောက်မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဂုဏ်ပြုအငြိမ့် 'အဒ္ဓုလီအငြိမ့်'

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

07:01 Te Ja Su Ne Ma (Tekkatho Lei Lei)
07:09 Traditional Snacks
07:15 MRTV-3 Myanmar International to MITV (1)
08:01 Rakhine Tourist Area
08:33 Introductory Programme of Literary Award Winners (U Ye Dway)
08:55 Myanmar Street Foods
09:01 News
09:26 Global Partnership for Brighter Future: Gabon Pavilion at Expo 2020 Dubai
09:34 Myanmar Puppeteers (Duet Dance)
09:45 Traditional Thatch Roof - Thet Nge
10:02 Kyaikhteeyoe: My Father The Porter
10:08 A Visit to Yangon's Coastal Area
10:26 Unique Art of Stucco Work

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တွဲလက်ညီညီခရီးဆက်မည် NRC (အပိုင်း-၂)
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှ ဂေါ်ရန်ဂျီ (အပိုင်း-၅)
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ရိုးရာအိမ်ချက်ဟင်းတစ်ခွက်
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
သင်မယ် ရေးမယ် တို့ချင်းစာ (အပိုင်း-၄၇)
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
သူတို့ရဲ့အတိယရင်ခွင်
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ငါးပျံတောင်သို့ အလည်တစ်ခေါက်
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ပြုံးပဒေသာ (အပိုင်း-၁)
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရှမ်းတိုင်းရင်းသားတို့ရဲ့ချစ်စရာ့ရိုးရာအိမ်ကလေး
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ကွမ်းလုံမြို့သို့ အလည်တစ်ခေါက်
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ကချင်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကိုယ်ဝန်ဆောင်မိခင်များအတွက်ကျန်းမာရေး ဆိုင်ရာဗဟုသုတ

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကူးစက်ရောဂါပြန့်ပွားစေသည့် ပေါ့လျော့မှု'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၅)
၁၁:၀၀ ရွှေချယ်တင်မြှောက်ပုံစနစ်အမျိုးမျိုး အကြောင်းသိကောင်းစရာ (အပိုင်း-၁)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၅)

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊
Education Channel ကို စနေ၊ တနင်္ဂနွေမှအပ
နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊


# နယ်စပ်ရေးရာဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ သင်တန်းဖွင့်ပွဲ အခမ်းအနားများကျင်းပ





**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေး ကျောင်း၌ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများဖြစ်သော ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်းအမှတ်စဉ်(၃၁) နှင့် ပစ္စည်းထိန်းသင်တန်းအမှတ်စဉ်(၈) သင်တန်းများဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသိန်းငွေးဦး တက်ရောက်၍ သင်တန်းဖွင့် မိန့်ခွန်းပြောကြားသည်။ **(အပေါ်ယာပုံ)**

အဆိုပါ သင်တန်းများဖွင့်ပွဲ အခမ်းအနားသို့ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူ ၁၂၅ ဦးတို့ တက်ရောက်သည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ အဆင့်ဆင့်သော ဝန်ထမ်းများကို အရည်အသွေးထက်မြက်ပြီး အတွေးအခေါ် မှန်ကန်မြင့်မားလာစေရန်၊ မိမိရာထူးအဆင့်နှင့်အညီ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရုံသာမက ဆင်ခြင်တုံတရား ပြည့်ဝသော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်၊ သင်ကြားတတ်မြောက်ထားသော အတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ အသုံးချနိုင်စေရန်၊ ဝန်ကြီးဌာနမှ အားကိုးရသော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်ပြီး အဆိုပါသင်တန်းများကို ဖေဖော်ဝါရီ ၁၄ ရက်မှ မတ် ၂၅ ရက်အထိ ရက်သတ္တ ခြောက်ပတ်ကြာ ကိုဗစ်-၁၉ ကာကွယ်ရေး၊ ကုသရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄** - မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၂ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၀၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၈၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၉၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၈၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၇၅/၁၆၉၀ ကျပ် | ၁၇၀၀/၁၇၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၆၈၅/၁၇၀၀ ကျပ် | ၁၇၁၅/၁၇၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၅၀/၁၆၇၅ ကျပ် | ၁၆၈၀/၁၇၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၀၅/၁၇၃၅ ကျပ် | ၁၈၁၀/၁၈၃၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၁၀ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၁၉ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၄ . ၆၀၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၄၄ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၂၄ . ၀၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၇၉ . ၅၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၅၂၀ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၃၀၀ | ၁၆၅၅ | ၁၃၅၇၃၀၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၄၆၁၈ | ၁၃၈၅၄၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၂၅ | ၆၆၂၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၂၀၀ | ၅၂၀၀ | ၅၁၉ | ၂၇၀၉၃၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




MYANMAR Digital News Presented by NPE www.mdn.gov.mm

# စာပေဗိမာန်စာမူဆုရ စာအုပ်များ ဖြန့်ချိရောင်းချ


**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆုရရှိသည့် စာရေးသူ လွင်မြန်မာ (မန်းတက္ကသိုလ်) ၏ "မြန်မာ့ရွှေချည်ထိုး" စာအုပ်နှင့် စာပေဗိမာန် စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရရှိသည့် စာရေးသူ သောင်းမြင့်ဦး (ကွမ်းခြံကုန်း)၏ "နားဝင်ပီယံ ခလောက်သံနှင့် အခြားဝတ္ထုတိုများ" စာအုပ်တို့ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။







စာရေးသူလွင်မြန်မာ(မန်းတက္ကသိုလ်)၏ "မြန်မာ့ရွှေချည်ထိုး" စာအုပ်တွင် ရွှေချည်ထိုး ဝေါဟာရအဓိပ္ပာယ်၊ ရွှေချည်ထိုးသမိုင်းကြောင်း၊ ရွှေချည်ထိုးလုပ်ငန်းအမျိုးအစား၊ ရွှေချည်ထိုးရာတွင် လိုအပ်သောပစ္စည်းများ၊ ရွှေချည်ထိုးပြုလုပ်ပုံ၊ ရွှေချည်ထိုးနည်းစနစ်ဟန်များ၊ ဘော်ကြယ်ပြုလုပ်ပုံအဆင့်ဆင့်၊ နဂါထာကြိုးများပြုလုပ်ပုံ၊ ရွှေချည်ထိုးရာတွင် ပြုလုပ်သော ဖန်ကျောက်များ၊ ရှေးကနန်းတော်သုံး ရွှေချည်ထိုးနှင့် ဂုန္တန်ထိုးအဆင်တန်ဆာများ၊ ရှေးခေတ်မင်းခမ်းတော်များမှ ရာထူးအလိုက် ရွှေချည်ထိုးအဆင်တန်ဆာများစသည့် မြန်မာ့ရွှေချည်ထိုးလုပ်ငန်းနှင့် ပတ်သက်၍ သုတေသနပြုရေးသားထားသည့် စာအုပ်တစ်အုပ်ဖြစ်ပြီး ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူနိုင်ပါသည်။

စာရေးသူ သောင်းမြင့်ဦး(ကွမ်းခြံကုန်း)၏ "နားဝင်ပီယံ ခလောက်သံနှင့် အခြားဝတ္ထုတိုများ" စာအုပ်တွင် ကျေးလက်ကိုအခြေခံသော ဘဝသရုပ်ဖော် ဝတ္ထုတို ၁၃ ပုဒ် ပါဝင်၍ ဝတ္ထု အများစုသည် ရေလုပ်သားတို့၏ ကြမ်းတမ်းသော ဘဝ၊ စရိုက်၊ ရုန်းကန်မှုတို့ကို ခြယ်မှုန်းထားသော ဝတ္ထုများဖြစ်သည်။ ဝတ္ထုတစ်ပုဒ်ချင်းကို တစ်မျိုးစီ စိတ်ဝင်စားဖွယ်ဖြစ်အောင် ရသမြောက်စွာ ရေးဖွဲ့ထားသော ဝတ္ထုတိုစာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူနိုင်ပါသည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀ ၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန(ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ဇော်ဝင်းထွန်း**

ကျေးလက်ဒေသ
ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ဒို့ကျေးရွာ ဂျာနယ်
ထွက်ရှိ



၁၅-၂-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၄)တွင်
- NPK သဘာဝမြေဩဇာအရည် ပြုလုပ်သုံးစွဲနည်း
- ခဝဲပင်စိုက်ပျိုး စီးပွားတိုး
- သီးနှံမျိုးစေ့ထုတ်လုပ်ခြင်းနည်းပညာများ
- စားသုံးမှုများပြားပြီး ဈေးကွက်ခိုင်မာမှုရှိသည့် ကွမ်းသီးပင်
- အိမ်မွေးတိရစ္ဆာန်များ မွေးမြူရာတွင် သတိထားရမည့်အချက်များ
- နွားများဆီးချုပ်ဝမ်းချုပ်နေလျှင်
- အောက်စီဂျင်ရရှိစေသော အစားအစာများ
- ခံတွင်းနှင့်အရေပြားခြောက်ခြင်း အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင်
(၂၀၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

# ဟသ်ာတမြို့နယ်တွင် ပဆင-နဂျီကုန်း-ကညင်ကောက် ကတ္တရာလမ်းဖွင့်ပွဲကျင်းပ

**ဟသ်ာတ ဖေဖော်ဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ပဆင-နဂျီကုန်း-ကညင်ကောက် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် က နဂျီကုန်းကျေးရွာရှိ အဆိုပါလမ်းသစ်မုခ်ဦးရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အမှာစကားပြောကြားကာ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မို့မို့ဇာနည်ကြိုင်က လမ်းနှင့်ပတ်သက်သော အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။ ထို့နောက် လမ်းသစ်မုခ်ဦးကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယခုဖွင့်လှစ်ခဲ့သော ပဆင-နဂျီကုန်း-ကညင်ကောက်လမ်းကို ၂၀၂၀-၂၀၂၁ ပြည်ထောင်စုပြင်ထိန်းရန်ပုံငွေနှင့်(၀/၄)မိုင်၊ တိုင်းဒေသကြီး ရန်ပုံငွေနှင့် (၀/၅)မိုင် စုစုပေါင်း (၁/၁)မိုင် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ လမ်းအရှည် ၁/၁မိုင်၊ လမ်းအကျယ် ၁၂ ပေကို စုစုပေါင်းကုန်ကျငွေ ၂၇၂ ဒသမ ၈၄ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပတ်ဝန်းကျင်ကျေးရွာပေါင်း ရှစ်ရွာမှ အိမ်ခြေ ၇၂၉ အိမ် လူဦးရေ ၂၉၇၀ တို့အတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ကိုဇော်(ဟသ်ာတ)**

# ကြို့ပင်ကောက်မြို့နယ် အထက်စိန်ကြီးရိုးကျေးရွာရှိ အိမ်ခြေ ၁၀၀ ကျော် လျှပ်စစ်မီးရရှိရေးလုပ်ငန်းအားလုံးပြီးစီး

**ကြို့ပင်ကောက် ဖေဖော်ဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ထောက်ပံ့ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် အထက်စိန်ကြီးရိုးကျေးရွာတွင်း ၄၀၀ ဗို့အားလိုင်း ပေ ၃၃၀၀ တည်ဆောက်ခြင်းလုပ်ငန်းများမှာ ဖေဖော်ဝါရီ ၁၂ ရက်တွင် လုပ်ငန်းများအားလုံး ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



အထက်စိန်ကြီးရိုးကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့အားလိုင်း ပေ ၃၃၀၀ တည်ဆောက်ခြင်းကို စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၁၈ သိန်းကျော်တို့ကို သုံးစွဲ၍ လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့ခြင်းကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၀၆ အိမ်မှ မိသားစုဝင်များအားလုံး လျှပ်စစ်မီးကို ၂၄ နာရီ သုံးစွဲနိုင်ပြီဖြစ်သည်။ အဆိုပါ လျှပ်စစ်မီးရရှိမှုကြောင့် ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

အဆိုပါ အထက်စိန်ကြီးရိုးကျေးရွာတွင်း ၄၀၀ ဗို့အားလိုင်း ပေ ၃၃၀၀ တည်ဆောက်ခြင်းလုပ်ငန်းအား ကြို့ပင်ကောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအေးလွင် ကြီးကြပ်၍ မြို့နယ်လျှပ်စစ်မှူးရုံး၏ နည်းပညာပံ့ပိုးကူညီမှုတို့ဖြင့် ဒေသခံပြည်သူများကိုယ်တိုင် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

# မိုးကောင်းမြို့ ပြည်သူ့ဆေးရုံအတွက် ငွေကျပ်သိန်း ၃၀၀ လှူဒါန်း

**မိုးကောင်း ဖေဖော်ဝါရီ ၁၄**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းရပ်ကွက်သောင်ဦးကျောင်းတိုက် မြင့်ထွန်းဦးကျောင်းဆောင်၌ ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံအတွက် လိုအပ်သောဆေးပစ္စည်းများဝယ်ယူရန် အလှူငွေကျပ်သိန်း ၃၀၀ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

ကျေးဇူးရှင်မိဘနှစ်ပါးဖြစ်သော ဦးတင်ဟုတ်+ဒေါ်တင်ဟုတ်တို့အား ရည်စူး၍ ရန်ကုန်မြို့နေ ဒေါ်တင်ညွှန့်၊ (ဦးကျော်ရွှေ)+ဒေါ်ခင်တိုးမြင့်၊ ဦးသိန်းထွန်း+ဒေါ်ကြူကြူ သားသမီးမြေးတစ်စုတို့က မိုးကောင်းပြည်သူ့ဆေးရုံအတွက် လိုအပ်သော ဆေးပစ္စည်းကိရိယာများ ဝယ်ယူရန် လှူဒါန်းခြင်း ဖြစ်သည်။

လှူဒါန်းပွဲအခမ်းအနားကို သောင်ဦးဆရာတော်မှ ဩဝါဒအဖွင့်အမှာစကားမြွက်ကြားပြီးနောက် အလှူရှင်မှ လှူဒါန်းသော ငွေကျပ်သိန်း ၃၀၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ပေးအပ်ရာ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းထွန်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ အဆိုပါ အလှူငွေဖြင့် ဆေးရုံအတွက် လိုအပ်လျက်ရှိသည့် ခွဲစိတ်လူနာနှင့်အရေးပေါ်လူနာများအား စောင့်ကြည့်စက်နှင့် Ultrasound စက်ဝယ်ယူရန် လျာထားကြောင်း မြို့နယ်ပြည်သူ့ဆေးရုံမှ သိရသည်။

အလှူငွေလှူဒါန်းပြီးနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ဆရာဝန်ကြီးတို့က ကျေးဇူးတင်စကားပြောကြား၍ တောင်ကျောင်းဆရာတော်က လှူဒါန်းမှုအစုစုအတွက် ရေစက်ချအနုမောဒနာတရားဟောကြား၍ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

# (၁၃၆)ကြိမ်မြောက် ကရင်ရိုးရာနယ်လုံးကျွတ် မီးပုံပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ကော့ကရိတ် ဖေဖော်ဝါရီ ၁၄**

ကရင်ပြည်နယ် သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ (နယ်ခြားစောင့်တပ် (BGF) တပ်နယ်မှူး) ဗိုလ်မှူးကြီး စောမုတ်သုန် ဦးစီး၍ (၁၃၆) ကြိမ်မြောက် ကရင်ရိုးရာ နယ်လုံးကျွတ်မီးပုံပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ယဉ်ကျေးမှု ဒုံးစင်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က ကော့ကရိတ်ခရိုင် ကျုံဒိုးမြို့ မီးပုံပွဲ ကွင်း၌ ကျင်းပသည်။

ကရင်ရိုးရာနယ်လုံးကျွတ် မီးပုံပွဲဖွင့်ပွဲ အခမ်း အနားကို အဆိုပါမုခ်ဦးရှေ့၌ ကျင်းပရာ မြိုင်ကြီးငူ ဆရာတော်၊ ကရင်ပြည်နယ် သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ (နယ်ခြားစောင့်တပ် (BGF) တပ်နယ်မှူး) ဗိုလ်မှူးကြီး စောမုတ်သုန်၊ နယ်ခြားစောင့်တပ် (BGF) တပ်များ ကွပ်ကဲရေးအကြံပေး ဗိုလ်မှူး ဝင်းအောင်၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်နော်ဖောဖော၊ ကရင် အမျိုးသားလွတ်မြောက်ရေး တပ်မတော် - ငြိမ်းချမ်း ရေးကောင်စီ (KNU/ KNLA- PC) ဗိုလ်မှူး စိန်အေး၊ ဒီမိုကရေစီ ကရင်အကျိုးပြုတပ်မတော် (DKBA) ဗိုလ်မှူး စိုင်းမောင်မောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။




ဆက်လက်၍ယဉ်ကျေးမှု ဒုံးစင်ဖွင့်ပွဲအခမ်းအနား ကို အဆိုပါဒုံးစင်၌ ကျင်းပရာ မီးပုံပွဲ ကျင်းပရေး နာယကဆရာတော် မြိုင်ကြီးငူဆရာတော်၊ ဓမ္မသုခ ကျောင်းတိုက်ဆရာတော်၊ ပြည်နယ် တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဆန်းကို၊ နယ်ခြားစောင့်တပ် (BGF) တပ်နယ်မှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သက်ကြီးပူဇော်ပွဲကို ကျင်းပရာ ကော့ကရိတ်မြို့နယ်အတွင်းရှိ အသက် ၈၀ နှင့် အထက် သက်ကြီးဘိုးဘွား ၁၁၀ တို့အား တက်ရောက်လာသူများက စုပေါင်းကန်တော့ခဲ့ကြပြီး ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်း များ ပေးအပ်ခဲ့သည်။ ထို့နောက် နယ်ခြားစောင့်တပ် (BGF) တပ်နယ်မှူးက ကရင်ရိုးရာ နယ်လုံးကျွတ် မီးပုံပွဲတွင် ဝိုင်းဝန်းပံ့ပိုးခဲ့ကြသော ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ကရင်ရိုးရာ နယ်လုံးကျွတ် မီးပုံပွဲတွင် လာရောက်ကပြဖျော်ဖြေသည့် တောင်ကြီး ပအိုဝ်း ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများအား ဆုတံဆိပ်များ ပေးအပ်သည်။ (ဝဲပုံ)

ထို့နောက် ကော့ကရိတ်မြို့နယ်အတွင်း ကျေးရွာများရှိ ဒုံးယိမ်းအကအဖွဲ့များ၊ တောင်ကြီး ပအိုဝ်းယဉ်ကျေးမှုအဖွဲ့မှ ပအိုဝ်းအကများ၊ ခေးသိုင်း အကများနှင့် ရှမ်းတိုင်းရင်းရိုးရာ ယဉ်ကျေးမှုအက များဖြင့် ကပြဖျော်ဖြေသည်။

အဆိုပါ မီးပုံပွဲသို့ ကရင်ပြည်နယ်အတွင်းရှိ ပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ပွဲတော် လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိကာ ကရင်ဒုံးယိမ်းအကပြိုင်ပွဲ၊ ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၄ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပမည် ဖြစ်ပြီး ပွဲတော်သို့လာရောက် ဆင်နွှဲကြမည့်သူများကို လည်း စတုဒိသာ ကျွေးမွေးဧည့်ခံသွားမည်ဖြစ် ကြောင်း သိရသည်။

**စောအောင်မျိုးလွင်**
**(ပြန်/ဆက်)**

# စာရင်းအင်းဥပဒေနှင့် နည်းဥပဒေများ အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး စာရင်းအင်း ဥပဒေနှင့် နည်းဥပဒေများ အသိ ပညာမြှင့်တင်ရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း ဒေသကြီး လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုး ရွှေက စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ သည် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် စာရင်းအင်းဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၀ ခုနှစ် မေလ ၁၄ ရက်နေ့တွင် စာရင်းအင်းနည်း ဥပဒေများကို ရေးဆွဲထုတ်ပြန် ခဲ့ပါကြောင်း၊ အဆိုပါဥပဒေနှင့် နည်းဥပဒေများ သက်ဝင်လာ စေရေး အမျိုးသား စာရင်းအင်း စနစ်တွင်ပါဝင်သည့် သက်ဆိုင်ရာ ဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင် များအကြား စာရင်းအင်းဥပဒေ၊ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနား လည်စေရေး စာရင်းအင်းလုပ်ငန်း များကို လုပ်ကိုင်ဆောင်ရွက်ရာ တွင် ဥပဒေနှင့်အညီ ဆောင်ရွက် နိုင်စေရေးတို့ကို ရည်ရွယ်ပြီး ဆွေးနွေးပွဲ ကျင်းပပြုလုပ်ရခြင်း ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက် စေရန်၊ အမျိုးသားစာရင်းအင်း စနစ် ခိုင်မာအားကောင်းစေရန် လိုအပ်ကြောင်း၊ ဗဟိုစာရင်းအင်း အဖွဲ့သည် စာရင်းအင်းဥပဒေ၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းထား သည့်အတိုင်း မြန်မာနိုင်ငံ၏ တရားဝင်စာရင်းအင်းများ ပြုစု တွက်ချက်ထုတ်ပြန်ရာတွင် လိုက် နာဆောင်ရွက်ရမည့် အခြေခံစည်း မျဉ်းများကို လိုက်နာပြီး ထုတ်ပြန် ခြင်း၊ အားပေးမြှင့်တင်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးတို့ကို ဆောင်ရွက် လျက်ရှိပါကြောင်း၊ စာရင်းအင်း ဥပဒေနှင့် နည်းဥပဒေများအား ကောင်းမွန်စွာ နားလည်အသုံးပြု နိုင်ခြင်းအားဖြင့် အထောက် အထား အခြေပြုမူဝါဒများ၊ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်နှင့် စီမံကိန်းများ ရေးဆွဲရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ဗဟိုစာရင်းအင်းအဖွဲ့နှင့် အတူ စာရင်းအင်း အချက်အလက်များ ပံ့ပိုးပေးနေရသည့် ဌာနဆိုင်ရာ များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင် ရွက်ပေးစေလိုကြောင်း ပြောကြား သည်။



ထို့နောက် ဗဟိုစာရင်းအင်း အဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်က စာရင်းအင်းဥပဒေ၊ နည်းဥပဒေတို့နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားရာ တက် ရောက်လာကြသူများက သိလို သည်များ ဆွေးနွေးမေးမြန်းကြ ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# မုဒုံမြို့၌ ပန်းခင်းစီမံချက်လျာထားချက် ပြည့်မီအောင် ဆောင်ရွက်ပေးနိုင်ခဲ့

**မုဒုံ ဖေဖော်ဝါရီ ၁၄**

နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေး၊ ဥပဒေအရ ကိုင် ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးကို ထုတ်ပေးနိုင်ရေးအတွက် ပြည်သူ လူထုအားလုံး၏ လက်ဝယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို မွန်ပြည်နယ် မုဒုံမြို့နယ် အတွင်းရှိ ပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မော်နှင့် ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရ သည်။

မုဒုံမြို့နယ် ဦးစီးမှူးရုံးအနေဖြင့် လူမှုဘဝပြည့်စုံဖို့ နိုင်ငံသား ကတ်ကိုင်ကြစို့ ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်မရှိသေး သည့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းများကို ၂၀၂၁ ခုနှစ် မေလ ၃ ရက်နေ့မှ စတင်ကာ ရပ်ကွက်၊ ကျေးရွာများအထိ ကွင်းဆင်းပြုလုပ်ပေးခဲ့ရာ မုဒုံမြို့နယ်ရှိ ရပ်ကွက် ကိုးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၃ အုပ်စုရှိ အသက် ၁၈ နှစ်အောက် ၁၅၄၃ ဦး၊ အသက် ၁၈ နှစ်နှင့်အထက် ၂၀၇၀၅ ဦး စုစုပေါင်း ၂၂၂၄၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပန်းခင်းစီမံချက်ဖြင့် လက်ရှိအိမ်ထောင်စု လူဦးရေစာရင်းတွင် ကိုင်ဆောင်လက်မှတ် မရှိသူများသည် အမှန်တကယ် ရပ်ကွက်၊ ကျေးရွာ များတွင် နေထိုင်မှုရှိ၊ မရှိ၊ သေဆုံး၊ စာရင်းထပ်နိုင်ငံသားစိစစ်ရေး ကတ်ပြားနံပါတ် ဖြည့်သွင်းခြင်းများနှင့် အမှန်တကယ်နေထိုင်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိခြင်း၊ မှတ်ပုံတင်ရှိပြီး အိမ်ထောင်စုစာရင်း တွင် ရေးသွင်းထားမှုမရှိခြင်းတို့အတွက် ကျန်ရစ်မှုမရှိစေရန် တစ်အိမ် တက်ဆင်း ကွင်းဆင်းဆောင်ရွက်မှုများကိုပါ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်း၍ ဖေဖော်ဝါရီ ၉ ရက်အထိ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# လေးတောင်မြို့ပေါ် ငါးရပ်ကွက်တွင် လျှပ်စစ်မီးရရှိ

**ကျောက်ဖြူ ဖေဖော်ဝါရီ ၁၄**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် လေးတောင်မြို့တွင် နိုင်ငံတော်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် လျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းများကို လေးတောင်မြို့ပေါ် ငါး ရပ်ကွက်တွင် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး ပြီးစီးပြီဖြစ်၍ လျှပ်စစ်မီးဖြန့်ဖြူးပေးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက်က စတင်ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း ခရိုင်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရ သည်။

အဆိုပါ လေးတောင်မြို့ပေါ် ငါးရပ်ကွက်တွင် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲမှုအခြေအနေများကို ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းစိုးနှင့် ရမ်းဗြဲမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးစည်သူအောင်တို့က လျှပ်စစ် အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားသုံးစွဲမှုနှင့် ပတ်သက်သည့် အသိ ပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။



လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးတာဝန်ရှိသူများစစ်ဆေးဆောင် ရွက်စဉ်။

**အောင်လှဖြူ ( ရမ်းဗြဲ)**

# နေပြည်တော်မှာပြုလုပ်တဲ့အခမ်းအနားတွေထဲမှာ အကြီးမားဆုံးနဲ့ အခမ်းနားဆုံးပွဲဖြစ်တာကြောင့် အနယ်နယ်အရပ်ရပ်ကလာတဲ့ မိတ်ဆွေတွေ တိုင်းရင်းသားတွေလည်း စုံစုံလင်လင်လာရောက်ကြတယ်၊ ပြည်သူများအနေနဲ့ လာရောက်ကြဖို့လည်း ဖိတ်ခေါ်ပါတယ်။ ကိုကောင်းဇော်


ဦးလှမျိုးအောင်


မပတ္တမြားနွယ်


ကိုသီဟသူရ


ကိုကောင်းဇော်


မရွှေဇင်ဝင်း


ပြုံးပြုံးရီ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များနှင့် ရိုးရာယဉ်ကျေးမှုအလိုက် ကပြဖျော်ဖြေမှုများကို ပြည်သူများလေ့လာကြည့်ရှုနိုင်ရန်နှင့် တိုင်းရင်းသားရိုးရာအစားအစာများကို တစ်နေရာတည်းတွင် ဝယ်ယူစားသုံးနိုင်ရန် ယနေ့တွင်လည်း နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ဆက်လက်ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။**

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခင်းကျင်းပြသထားသည့် ဂုဏ်ပြုယာဉ်များနှင့်အတူ ရိုးရာယဉ်ကျေးမှုအလိုက် ကပြဖျော်ဖြေသူများ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချသူများနှင့် လာရောက်ကြည့်ရှု လေ့လာကြသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**ဦးလှမျိုးအောင်**
**(မွန်ရိုးရာအစားအစာ ရောင်းချသူ)**

ကျွန်တော်တို့ မွန်ရိုးရာစားသောက်ဆိုင်မှာ ရရှိနိုင်တဲ့အစားအစာတွေကတော့ ကြာရိုးငါးဟင်း၊ မရမ်းသီးဝက်သားဟင်း၊ ခရမ်းသီးငါးပိအစပ်ချက်၊ အာလူးသုပ်၊ ဝက်နံရိုးသပြုသီးချက်၊ ကြက်သားငါးပိစပ်ချက် အဲဒီအစားအစာတွေကို ရောင်းချပါတယ်။ လာရောက်ကြည့်ရှုလေ့လာသူတွေ အများဆုံးစားတာကတော့ ကြာရိုးငါးဟင်း၊ ကြက်သားငါးပိချက်ပါ။ ပြည်ထောင်စုနေ့ဂုဏ်ပြု အခမ်းအနားကျင်းပတဲ့နေ့ကတည်းက မွန်အစားအစာကို တော်တော်လေးအားပေးကြပါတယ်။ မွန်အစားအစာကို သုံးသိန်းဖိုးလောက်ရောင်းရတယ်။ ကျွန်တော့်အသက် ၅၀ အတွင်းမှာ ဒီလိုခမ်းခမ်းနားနား ကျင်းပတဲ့ ပွဲလမ်းသဘင်မတွေ့ခဲ့ဖူးဘူး။ အခုလို အခမ်းအနားဖြစ်မြောက်အောင် လုပ်ပေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ပြည်သူတွေက ပွဲငတ်နေကြတာဗျ။ သွားရမလား၊ မသွားရဘူးလား ဝေခွဲမရတဲ့ ပြည်သူတွေလည်း ရှိမှာပါ။ သွားချင်ပေမယ့် တကယ်ရော ဟုတ်ရဲ့လားဆိုတဲ့ အတွေးတွေ စိတ်ထဲဝင်နေကြတာလည်း ပါမှာပါ။ တကယ်တမ်းကျတော့ ပြပွဲတွေ စဖွင့်တဲ့နေ့ကတည်းက အများကြီးလာကြပါတယ်။ ည ၈ နာရီ ပိတ်မယ်ပြောတာတောင် ၉ နာရီလောက်မှာ မနည်းပိတ်ပြီဆိုတာ ပြောယူရတယ်။ ဒီနေ့ဆိုရင် မြင်တဲ့အတိုင်းပဲ အလုပ်သမား ၂၀ လောက်နဲ့ ချက်နေရတယ်။ ဒီနေ့ရောင်းအား ၁၀ သိန်းဖိုးလောက်ထိ ရှိမယ်လို့ မှန်းထားပါတယ်။

**မပတ္တမြားနွယ်**
**(ရခိုင်ရိုးရာအစားအစာ ရောင်းချသူ)**

ကျွန်မကတော့ ရခိုင်ပြည်နယ် ရမ်းဗြဲကပါ။ အခုလောလောဆယ်တော့ နေပြည်တော်မှာ နေပါတယ်။ ရခိုင်ရိုးရာအစားအစာထဲမှာ အဓိကရောင်းချတာကတော့ မုန့်တီပါ။ ပြီးတော့ ရခိုင်က အခုမှစထုတ်တဲ့ ဒေသထွက် ခနိုဝိုင်၊ ခနိုဖူးလက်ဖက်ခြောက်၊ ခနိုသကာရည်၊ ပယင်းရတနာ၊ ပယင်းလိမ်းဆေး/ ဖျန်းဆေး/ ရှူဆေးနဲ့ သံလိုက်ဆီလိမ်းဆေးတွေကို အဓိကရောင်းချပါတယ်။ မနေ့ကဆိုရင် လာရောက်ဝယ်ယူ စားသုံးသူများတော့ ရခိုင်မုန့်တီဆို အစောကြီးကတည်းက ကုန်သွားပါတယ်။ ခနိုဝိုင်တွေဆိုရင်လည်း အများကြီးရောင်းရပါတယ်။ ပယင်းသံလိုက်ဆီ လိမ်းဆေးဆိုရင် ဒီနေ့ခင်းကျင်းရောင်းချဖို့တောင် မရှိသလောက်ဖြစ်သွားပါတယ်။ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြုလုပ်တဲ့ပွဲဖြစ်တဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ အထင်ကရတွေကို ကြည့်ရှုခံစားလို့ရသလို တိုင်းရင်းသားရိုးရာ အစားအစာတွေအားလုံး တစ်နေရာတည်းမှာ ရရှိနိုင်တဲ့အပြင် ဈေးနှုန်းတွေကလည်း သင့်တင့်တဲ့အတွက် ပြည်သူတွေအားလုံးအနေနဲ့ လာရောက်ကြပါဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**ကိုသီဟသူရ**
**(ကယားရိုးရာအစားအစာ ရောင်းချသူ)**

ဒီဆိုင်မှာရရှိတဲ့ အစားအစာကတော့ ကယားဝက်အူချောင်း၊ ကယားဟင်းထုပ်၊ ကယားအာလူးသုပ်၊ ကယားငှက်ပျောဖူးသုပ်၊ ကယားရိုးရာ ခေါင်ရည်တွေကို အဓိကရောင်းချပါတယ်။ ဒီဆိုင်ကို လာပြီး အဓိက လာအားပေးကြတာကတော့ ကယားဝက်အူချောင်းနဲ့ ကယားဟင်းထုပ်ပါ။ ဒါ့ပြင် ကယားရိုးရာခေါင်ရည်ကိုလည်း လာပြီးအားပေးကြပါတယ်။ ဈေးနှုန်းကိုတော့ လာရောက်တဲ့သူတွေ စားသုံးနိုင်အောင် အတတ်နိုင်ဆုံး ဈေးနှုန်းချိုသာအောင် ရောင်းချပေးလျက်ရှိပါတယ်။ စည်စည်ကားကားနဲ့ လာရောက်လည်ပတ်ကြတာမြင်ရတော့ ဝမ်းသာပါတယ်။ မနေ့ကဆိုရင် မနက်ခင်း ၈ နာရီကနေ ည ၈ နာရီအတွင်းမှာ ကယားရိုးရာအစားအစာကို ခြောက်သိန်းဝန်းကျင်လောက်အထိ ရောင်းချခဲ့ရပါတယ်။ နောက်နေ့လည်း ဒီနေ့လို စည်စည်ကားကားနဲ့ လာရောက်ကြလိမ့်မယ်လို့ ထင်ပါတယ်။

**ကိုကောင်းဇော်**
**(ရွှေမှုံသနပ်ခါးထုတ်လုပ်ရောင်းချသူ)**

ကျွန်တော်ကတော့ ရွှေမှုံသနပ်ခါးကို ကိုယ်ပိုင်ထုတ်လုပ်တာဖြစ်ပြီး ကျွန်တော်တို့ လာရောက်ပြသရတဲ့ ရည်ရွယ်ချက်ကတော့ ပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် မြန်မာနိုင်ငံမှာ တိုင်းရင်းသားပေါင်းစုံရှိတဲ့အနက် ဗမာတိုင်းရင်းသားတို့ရဲ့ အဓိကထုတ်ကုန်ဖြစ်တဲ့ သနပ်ခါးဟာ ရှေးမြန်မာတွေ လက်ထက်ကတည်းက သုံးစွဲခဲ့တဲ့ သနပ်ခါးဖြစ်လို့ အဓိကထားပြီး လာရောက်ပြသခြင်းဖြစ်ပါတယ်။ ပြည်နယ် တော်တော်များကလည်း မြန်မာ့သနပ်ခါးကို နှစ်သက်ကြပါတယ်။ ရှေးမြန်မာမင်းတွေ လက်ထက်ကတည်းက သုံးစွဲလာခဲ့ကြတာဖြစ်လို့ မြန်မာ့သနပ်ခါးဟာ တိုင်းရင်းသားတွေနဲ့လည်း အကျွမ်းဝင်ဆုံးနဲ့ ဆေးဖက်ဝင်ပစ္စည်းတစ်ခုလို့လည်း ပြောရမှာဖြစ်ပါတယ်။ လာရောက်ကြည့်ရှု လေ့လာကြသူတွေ များပြားတဲ့အတွက်လည်း သနပ်ခါးပါကင် ၈၀၀ လောက်အထိ ရောင်းချခဲ့ရပါတယ်။ မနက်ဖြန်ကျရင်လည်း ဒီထက်မက ရောင်းအားတိုးလာလိမ့်မယ်လို့ ထင်ပါတယ်။ နေပြည်တော်မှာပြုလုပ်တဲ့ အခမ်းအနားတွေထဲမှာ အကြီးမားဆုံးနဲ့ အခမ်းနားဆုံးပွဲတစ်ပွဲလည်း ဖြစ်တာကြောင့် အနယ်နယ်အရပ်ရပ်ကလာတဲ့ မိတ်ဆွေတွေရှိသလို တိုင်းရင်းသားတွေလည်းစုံစုံလင်လင်လာရောက်ကြတာတွေ ရှိပြီး ပြည်သူများအနေနဲ့ လာရောက်ကြဖို့လည်း ဖိတ်ခေါ်ပါတယ်။

**မရွှေဇင်ဝင်း**
**(လာရောက်လေ့လာသူ)**

ကျွန်မက ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာက လာရောက်လည်ပတ်လေ့လာတာပါ။ ဖေဖော်ဝါရီ ၁၂ ရက် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ တိုက်ရိုက်ထုတ်လွှင့်မှုကို တီဗွီကမြင်ပြီး ဒီဂုဏ်ပြုယာဉ်ကြီးတွေ အပြင်မှာမြင်ဖူးချင်လိုက်တာဆိုပြီး တွေးမိပါတယ်။ တွေးမိတဲ့အတိုင်း တပေါင်းကွင်းမှာ ဂုဏ်ပြုယာဉ်နဲ့ ရိုးရာယဉ်ကျေးမှုအကအဖွဲ့တွေကို ခင်းကျင်းပြသထားတယ်ဆိုတာ သိရတော့ မိသားစုလိုက်သွားကြည့်မယ်ဆိုပြီး လာရောက်လေ့လာကြည့်ရှုတာဖြစ်ပါတယ်။

ဒီဂုဏ်ပြုယာဉ်ကြီးတွေပေါ်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ အထင်ကရနေရာတွေကို ခင်းကျင်းပြသထားတဲ့အတွက် တစ်နေရာတည်းနဲ့ တိုင်းရင်းသားဒေသအနှံ့ ရောက်ရှိသွားသလိုမျိုး ဗဟုသုတတွေ ရရှိပါတယ်။ ဒါ့အပြင် တိုင်းရင်းသားရိုးရာအစားအစာတွေလည်း အစုံအလင်ရရှိတဲ့အတွက် မိမိကြိုက်နှစ်သက်ရာ အစားအစာတွေကို ဝယ်ယူသုံးဆောင်နိုင်ပါတယ်။ ကျွန်မကတော့ ကရင်ရိုးရာအစားအစာဆိုင်က ကရင်အစားအစာတွေကို ကြိုက်နှစ်သက်တဲ့အတွက် ဝယ်ယူအားပေးဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၅ ရက်နေ့မှာလည်း ည ၁၀ နာရီအထိ ဖွင့်လှစ်ထားမယ်လို့ သိရပါတယ်။ လာရောက်လည်ပတ်ကြပါလို့ ကျွန်မအနေနဲ့လည်း ဖိတ်ခေါ်ပါတယ်။

**မဖြူဖြူအောင်**
**(လာရောက်လေ့လာသူ)**

ကျွန်မတို့ သူငယ်ချင်းတွေနဲ့ စုဖွဲ့တိုင်ပင်ပြီး (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့မှာ ဂုဏ်ပြုခဲ့တဲ့ ဂုဏ်ပြုယာဉ်တွေအပါအဝင် တိုင်းရင်းသားအစားအစာတွေပါ ရောင်းချပေးမယ်ဆိုတာသိရလို့ လာဖြစ်ကြတာပါ။ အခု မကွေးတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်နဲ့ ရိုးရာယဉ်ကျေးမှုအကအဖွဲ့တွေရဲ့ ကပြဖျော်ဖြေမှုတွေကို ကြည့်ရှုခဲ့ရပါတယ်။ ဂုဏ်ပြုယာဉ်ကြီးပေါ်မှာ ခင်းကျင်းပြသထားမှုတွေ သူငယ်တော်အကတွေ၊ ဆံရစ်ဝိုင်းအကတွေ၊ မကွေးတိုင်းဒေသကြီးမှာ ရေနံတူးနေတဲ့ သရုပ်ဖော်ပြသမှုတွေ အစုံအလင် လေ့လာခွင့်ရပါတယ်။ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ် ကိုယ်စားပြု ဂုဏ်ပြုယာဉ်တွေပေါ်ကိုလည်း တက်ရောက်ပြီး လေ့လာကြည့်ရှုဦးမှာပါ။

အစားအစာရောင်းချမှုပိုင်းမှာ ဒေသအသီးသီးကထွက်ကုန်တွေကို ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းချပေးတဲ့အတွက် ဝယ်ယူအားပေးသူတွေအနေနဲ့လည်း သင့်တင့်ပါတယ်။ ဖေဖော်ဝါရီ ၁၅ ရက် နေ့မှာလည်း သွားရောက်ကြည့်ရှုလေ့လာနိုင်ပါသေးတယ်။ ကျွန်မတစ်သက်မှာ ဒါမျိုး အခုမှကြုံဖူးတဲ့အတွက် လူတိုင်းကိုလည်း ဗဟုသုတရစေချင်ပါတယ်။ သွားရောက်ကြည့်ရှုကြပါလို့ အကြံပြုချင်ပါတယ်။

**ပြုံးပြုံးရီ**
**(ဖျော်ဖြေသူ၊ ပွင့်ဖြူခရိုင်၊ ရုံးကြီးကျေးရွာ)**

ညီမတို့ လာရောက်ဖျော်ဖြေရတာက မကွေးတိုင်းဒေသကြီးရဲ့ ကိုယ်စားပြု လာရောက်ဖျော်ဖြေကြပါတယ်။ ညီမတို့ ဆံရစ်ဝိုင်း အဖွဲ့က (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့မှာ မကွေးတိုင်းဒေသကြီး ကိုယ်စားပြုနဲ့ တက်ရောက်ခွင့်ရခဲ့ပါတယ်။ အဲဒီအတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ဆံရစ်ဝိုင်းအယောက် ၂၀ ထဲမှာ အုပ်စုလေးတွေခွဲပြီး ကပြတဲ့အဖွဲ့ရယ်၊ ဗိုင်းငင်တဲ့အဖွဲ့ရယ်၊ မြန်မာ့ရိုးရာကစားနည်း ကြက်ဖခွပ်တန်းကစားနည်းရယ်၊ ဆန်ပြာတဲ့သူက ပြာတယ်၊ ထမင်းချက်တဲ့အဖွဲ့က ထမင်းချက်တယ်၊ အဲဒီလို ကဏ္ဍအသီးသီးတွေနဲ့ ဖျော်ဖြေကြပါတယ်။

အခုလို ပွဲကြီးတွေ ကျင်းပပေးတဲ့အတွက် တိုင်းရင်းသားပေါင်းစုံရဲ့ ရိုးရာယဉ်ကျေးမှုစရိုက်တွေကို အများကြီး လေ့လာခွင့်၊ ဖလှယ်ခွင့်တွေရတာဟာ အလွန်ကို တန်ဖိုးရှိပါတယ်။ ဒီလိုပွဲတွေ ကျင်းပပေးတာကြောင့် တစ်နေရာတည်းမှာပဲ တိုင်းဒေသကြီး ပြည်နယ်မှာရှိတဲ့ ဒေသထွက်ကုန်နဲ့ ရိုးရာယဉ်ကျေးမှုတွေကို တဝကြီး လေ့လာကြည့်ရှုနိုင်ပါတယ်။ ဒါကြောင့် ဖေဖော်ဝါရီ ၁၅ ရက်မှာလည်း ပြည်သူတွေအနေနဲ့ လာရောက်လေ့လာကြပါလို့ ဖိတ်ခေါ်ပါတယ်။


**တွေ့ဆုံမေးမြန်း-နိုင်ဟိန်းထက်**
**ဓာတ်ပုံ-ဇော်ဘီ**

# ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဂုဏ်ပြုယာဉ်များ ပြသပေးနေမှုနှင့် တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချပေးမှုအပေါ် ပါဝင်ဆင်နွှဲကြသူအချို့၏ ဝမ်းသာပီတိစကားသံများ


မခင်ဇာဇာထွန်း


ဒေါ်ဘွန်ဆွမ်


မမိုင်ဇင်ဇင်နီ


ဦးထိန်စိုး

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များအား နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသထားသည့်အပြင် တိုင်းရင်းသားရိုးရာအစားအစာများကိုလည်း သတ်မှတ်နေရာများအလိုက် ရောင်းချပေးလျက်ရှိရာ ဂုဏ်ပြုယာဉ်များနှင့်အတူ ပါဝင်ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချသူများ၊ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများ၊ ဂုဏ်ပြုယာဉ်တာဝန်ခံများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်။

**မခင်ဇာဇာထွန်း**
**(မကွေးတိုင်းဒေသကြီး ယဉ်ကျေးမှုအဖွဲ့)**

ကျွန်မတို့အဖွဲ့ကတော့ စိန်ရတုပြည်ထောင်စုနေ့မှာ လှသောအညာမြေသီချင်းနဲ့အတူ ကပြဖျော်ဖြေပေးခဲ့ပါတယ်။ မကွေးတိုင်းဒေသကြီးကို ဂုဏ်ဆောင်အနေနဲ့ ပြည်ထောင်စုနေ့မှာ ပထမဆုရရှိခဲ့လို့ အတိုင်းမသိ ဝမ်းသာပါတယ်။ လှသောအညာမြေသီချင်းနဲ့ အဖွဲ့ သုံးဖွဲ့ ပါဝင်ဆင်နွှဲခဲ့သော်လည်း စည်းစည်းလုံးလုံးနဲ့ ပါဝင်ဆင်နွှဲခဲ့တဲ့အတွက် အခုလို ပထမဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ အခုလို စိန်ရတုပြည်ထောင်စုနေ့ကြီးမှာ ဖျော်ဖြေရေးကဏ္ဍကနေ ပါဝင်ဆင်နွှဲခွင့်ရလို့ ဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံဟာ ပြည်ထောင်စုတိုင်းရင်းသား ပေါင်းစုံနဲ့ စုပေါင်းဖွဲ့စည်းထားတဲ့ နိုင်ငံဖြစ်တဲ့အတွက် သူများနိုင်ငံတွေထက် ပိုပြီးတော့ ထင်ပေါ်တာ တွေ့ရပါတယ်။ ဒီပွဲတော်ကြီးမှာ တိုင်းရင်းသားပေါင်းစုံ လာရောက် တွေ့ဆုံကြပြီး အသိပညာတွေ ဖလှယ်ခွင့်ရတဲ့အတွက် ပြည်ထောင်စုနေ့ အနှစ်သာရအပြင် တိုင်းရင်းသားတို့ရဲ့ စည်းလုံးမှုနဲ့အတူ ငြိမ်းချမ်းသော ပြည်ထောင်စုနိုင်ငံကြီး တည်ဆောက်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကို ပိုပြီးခိုင်မာစေပါတယ်။ တိုင်းရင်းသားအားလုံးကို ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီးနဲ့ နွေးနွေးထွေးထွေး ကြိုဆိုပေးကြတဲ့အတွက်လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**မောင်သော်ဇင်စိုး (ပြပွဲလေ့လာကြည့်ရှုသူ)**

စိန်ရတုပြည်ထောင်စုနေ့မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ယဉ်ကျေးမှုအဖွဲ့ဝင်တွေနဲ့အတူ ပါဝင်ဆင်နွှဲခဲ့ကြတဲ့ ဂုဏ်ပြုယာဉ်တွေကို အခုလိုစုစည်းပြီး ပြည်သူတွေ လေ့လာကြည့်ရှုခွင့်ရအောင် ပြန်လည်ပြသပေးတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ပြပွဲမှာ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့တွေကလည်း ရိုးရာအကအလှတွေနဲ့ ဖျော်ဖြေတဲ့အပြင် ကိုယ်တိုင်ဝင်ရောက်ဆင်နွှဲခွင့်ရတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ ဂုဏ်ပြုယာဉ်တွေကို အခုလိုအပြင်မှာ မျက်မြင်ကိုယ်တွေ့မြင်ဖူးတာ ပထမဆုံးဖြစ်ပါတယ်။ ဂုဏ်ပြုယာဉ်တွေအပေါ်မှာ တိုင်းရင်းသားပေါင်းစုံရဲ့ အထင်ကရနေရာတွေ၊ အထိမ်းအမှတ်တွေ၊ ရိုးရာဝတ်စုံတွေ၊ ဓလေ့ထုံးတမ်းအစဉ်အလာတွေကို ကိုယ်တိုင်ကြည့်ရှုခွင့်ရပြီး မစားဖူးတဲ့ တိုင်းရင်းသားရိုးရာ အစားအစာတွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ဝယ်ယူစားသောက်ခွင့်ရအောင် စီစဉ်ပေးထားတဲ့အတွက် ဝမ်းသာပါတယ်။

**ဒေါ်ဘွန်ဆွမ်**
**(ကချင်ရိုးရာစားသောက်ဆိုင်)**

ကျွန်မတို့ ကချင်ရိုးရာစားသောက်ဆိုင်မှာ ကချင်ဖက်ထုပ်၊ ကချင်ဒံပေါက်၊ ကချင်ရိုးရာခေါင်ရည်၊ စပိ၊ ကချင်ရိုးရာငါးပေါင်း၊ ကချင်ဆေးမြစ်စုံ၊ ကြက်ကချင်ချက်၊ ဝက်ကချင်ချက်တို့ကို ရောင်းချပေးပါတယ်။ အခုလောလောဆယ်တော့ ကချင်ရိုးရာငါးချက်၊ ကချင်ငါးပေါင်း၊ ကြက်ကချင်ချက်၊ ဝက်ကချင်ချက်တို့က ရောင်းအားအကောင်းဆုံးပါ။ အခုလို ခမ်းနားတဲ့ပွဲတော်မှာ ကျွန်မတို့ ကချင်ရိုးရာ အစားအစာတွေကို ရောင်းချခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ဒီလိုရောင်းချခွင့်ရတဲ့အတွက် ရိုးရာအစားအစာတွေကို လာရောက်လေ့လာကြည့်ရှုသူတွေက တစ်ဆင့်အများပြည်သူတွေသိရှိပြီး တခြားအခွင့်အလမ်းလည်း ရရှိမယ်လို့ ယုံကြည်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ကိုယ်စားပြု ဂုဏ်ပြုယာဉ်တွေကို လွတ်လွတ်လပ်လပ်နဲ့ ကြည့်ရှုလေ့လာပြီး တိုင်းရင်းသားရိုးရာ အစားအသောက်တွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးနေတဲ့အတွက် လာရောက်အားပေးကြပါလို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကိုယ်စား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်ဇင်ထွန်း**
**(ပြပွဲလာရောက်ကြည့်ရှုသူ)**

နိုင်ငံအတွင်းမှာရှိတဲ့ မြို့တွေကို သီးခြားသွားရောက် လည်ပတ်ဖို့က မလွယ်တော့ အခုလို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ထူးခြားတဲ့အရာတွေကို တစ်စုတစ်စည်းတည်း မြင်တွေ့ခွင့်ရတဲ့အတွက် ပိုပြီးတော့ ဗဟုသုတတွေ ရပါတယ်။ ကလေးသာမက လူကြီး၊ လူငယ်အားလုံး ဂုဏ်ပြုယာဉ်တွေပေါ်မှာ ပြသထားတဲ့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာတွေ၊ မြို့တွေရဲ့ အထင်ကရနေရာတွေကို လေ့လာခြင်းအားဖြင့် ဗဟုသုတတွေကို ရရှိစေမှာဖြစ်ပါတယ်။ တိုင်းရင်းသားပေါင်းစုံပါတဲ့အတွက် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့ကို ဖော်ဆောင်ရာလည်း ရောက်ပါတယ်။ အခုလို တိုင်းရင်းသားရိုးရာလက်ရာစစ်စစ်ကို စားသုံးရတဲ့အတွက် အဲဒီဒေသတွေရဲ့ အငွေ့အသက်လေးတွေကို ပိုပြီး ခံစားမိပါတယ်။

**မမိုင်ဇင်ဇင်နီ**
**(ချင်းရိုးရာစားသောက်ဆိုင်)**

ကျွန်မတို့ ချင်းရိုးရာစားသောက်ဆိုင်အနေနဲ့ မြေပြန့်ချင်းရိုးရာ အစားအစာဖြစ်တဲ့ ချင်းရိုးရာဝက်သားသုပ်၊ ချင်းရိုးရာကြက်သားသုပ်၊ ချင်းရိုးရာ ခေါင်ရည်တို့ကို ရောင်းချပေးနေပါတယ်။ ဒီအစားအစာတွေကတော့ မင်္ဂလာဆောင်တွေမှာ တည်ခင်းဧည့်ခံတဲ့ အစားအစာလည်း ဖြစ်ပါတယ်။ တိုင်းရင်းသားရိုးရာ ဒေသအစားအစာတွေ အမျိုးစုံအောင် ဈေးချိုချို ရောင်းချပေးနေတဲ့အတွက် အားလုံးလာပြီး မြည်းစမ်းစားသုံးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထိန်စိုး (ဒုတိယညွှန်ကြားရေးမှူး၊ မွန်ပြည်နယ်ကိုယ်စားပြု အလှပြယာဉ်)**

ကျွန်တော်တို့ မွန်ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ် သုံးစီးမှာဆိုရင် အမှတ်(၁) ဂုဏ်ပြုယာဉ်ရဲ့ ရှေ့ဆုံးခေါင်းခန်းမှာ မွန်ပြည်နယ်မြေပုံကို ၁၂ ပေ အမြင့်နဲ့ ဖော်ပြထားပါတယ်။ ပြည်ထောင်စုအလံကို ပြည်နယ်အလံ နှစ်ခုကဘေးမှာ ဝိုင်းရံထားပါတယ်။ ယာဉ်ရဲ့နောက်မှာ ဗုဒ္ဓဘာသာအစ သထုံကလို့ ခေါ်လို့ရအောင် ရှင်အရဟံကနေ အနော်ရထာမင်းမြတ်နဲ့ ပေါင်းပြီး သထုံကနေ ပင့်ဆောင်လာတဲ့ ပိဋကတ်သုံးပုံ ပုံစံပါတယ်။ ဘေးဘက်မှာ သံလွင်တံတား၊ ချောင်းဆုံတံတား၊ ဇင်းကျိုက်ရေတံခွန် ဗီနိုင်းတွေကို ပြသထားပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ဘုရားဖူးပြည်သူအများဆုံး လာရောက်ဖူးမြော်နေတဲ့ ကျိုက်ထီးရိုးဆံတော်ရှင် ပုံတွေကိုလည်း ပြသထားပါတယ်။

အမှတ်(၂) ယာဉ်မှာ မွန်ပြည်နယ်က ထုတ်ကုန်တွေကို ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒီယာဉ်မှာ ဟင်္သာပါတယ်။ မွန်ပြည်နယ် ဟင်္သာမှာ နှစ်မျိုးရှိပါတယ်။ ခြေစုံရပ်နေတဲ့ ဟင်္သာက မွန်ပြည်နယ်ရဲ့ ပြည်နယ် ဟင်္သာအမှတ်အသားဖြစ်ပြီး မွန်အမျိုးသား ဟင်္သာမှာတော့ ခြေတစ်ဖက်ကို ထောင်ထားပါတယ်။ အခုပြသထားတဲ့ ဟင်္သာကတော့ မွန်ပြည်နယ်အမှတ်အသား ဟင်္သာဖြစ်ပါတယ်။ ယာဉ်ရဲ့နောက်ပိုင်းမှာ မွန်ပြည်နယ် ထွက်ကုန်တွေဖြစ်တဲ့ ရော်ဘာ၊ ဒူးရင်း၊ ကြက်မောက်၊ ကျွဲကော၊ မင်းကွတ်တို့ကို ပြသထားပါတယ်။ နောက်ပြီး ပုစွန်၊ သား၊ ငါး၊ ဆားလုပ်ငန်း၊ ကမ္ဘာကျော်ခဲ့တဲ့ မြန်မာနိုင်ငံ ပြည်တွင်းထုတ်တဲ့ ဆေးတံအစစ်ကိုလည်း ပြသထားပါတယ်။ မွန်ပြည်နယ် ချောင်းဆုံမှာလုပ်တဲ့ ကျောက်သင်ပုန်းမှာလည်း မွန်ဗျည်း ၃၅ လုံးကို ပြသထားပါတယ်။ ဂုဏ်ပြုယာဉ်အမှတ်(၃)မှာဆိုရင် မွန်ရိုးရာတွေဖြစ်တဲ့ မွန်တူရိယာသုံးမျိုး၊ မွန်ရိုးရာအိမ်၊ စောင်တွေထဲမှာ မုဒုံစောင်က အနွေးဆုံးဆိုတဲ့အတိုင်း မုဒုံကထွက်ရှိတဲ့ စောင်တွေကို ပြသထားပါတယ်။

စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုကနေ ထင်ရှားတဲ့ ယဉ်ကျေးမှုလက္ခဏာ၊ ထုတ်ကုန်တွေကို ပြည်သူတွေသိရှိအောင် ပြသထားတဲ့အတွက် မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာကို တစ်နေရာတည်းမှာ အကုန်လုံး သိရှိသွားမှာဖြစ်တဲ့အတွက် တပေါင်းကွင်းကို လာရောက်လေ့လာကြည့်ရှုရင် ဗဟုသုတများစွာ ရရှိမှာဖြစ်တဲ့အတွက် ဂုဏ်ပြုယာဉ်တွေကို ကြည့်ရှုရင်း တိုင်းရင်းသားရိုးရာ အစားအစာတွေ ရောင်းချပေးနေတဲ့အတွက် ရိုးရာအစားအစာတွေကို စားသုံးရင်း လာရောက်ဖို့ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေကိုယ်စား ဖိတ်ခေါ်ပါတယ်။

**တွေ့ဆုံမေးမြန်း- မျိုးဆက်သစ်**
**ဓာတ်ပုံ- ကိုကြီးထိန်**


ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များနှင့် ရိုးရာယဉ်ကျေးမှုအလိုက် ကပြဖျော်ဖြေမှုများကို လာရောက်ကြည့်ရှုကြသူများ တိုင်းရင်းသားရိုးရာအစားအစာ အရောင်းဆိုင်များ၌လည်း ကြည့်ရှုလေ့လာဝယ်ယူကြစဉ်။

# ဘဒ္ဒန္တတေဇောသာရာဘိဝံသ ထံ ... 

# ဘဝနတ်ထံပျံလွန်တော်မူ


**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ ညောင်သုံးပင်ပရိယတ္တိသာမဏေကျော်စာသင်တိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ တေဇောသာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ) မဟာထေရ်မြတ်သည် သက်တော်(၆၀)၊ သိက္ခာတော် ၀၊ ၄၀ အရ ထိုင်းနိုင်ငံ ဘုရင့်သမီးတော်ဆေးရုံ၌ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ၁၄-၂-၂၀၂၂ (တနင်္လာနေ့) မြန်မာစံတော်ချိန် နံနက် ၁:၅၅ နာရီခန့်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

---

### နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ ညောင်သုံးပင် ပရိယတ္တိသာမဏေကျော်စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိကဗဟုဇနဟိတဓရ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဆင်ရွာ ခမည်းတော် ဦးစံသိန်း-မယ်တော်ဒေါ်အုန်းတို့က ၁၃၂၄ ခုနှစ် တပေါင်းလဆန်း (၈) ရက် (စနေနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၃၇ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက်တွင် ဝေါမြို့နယ် ဆင်ရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တစိတ္တရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ၁၃၄၄ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၆ ရက်တွင် အောင်ဆန်းမြို့ ရန်ကုန်သစ္စာဝါဒီကျောင်း ခဏ္ဍာသိမ်၌ ပဲခူးမြို့မစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုလ္လနန္ဒာစာရကို ဥပဇ္ဈာယ်ပြု၍ ဦးမှုံ-ဒေါ်အေးမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်သည် ဝေါမြို့နယ် ဆင်ရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တစိတ္တရ ပဲခူးမြို့ မြို့မစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကုလ္လနန္ဒာစာရ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဆရာတော်ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်များနှင့် စာချဆရာတော်များ၊ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ဘဒ္ဒန္တ ကုဏ္ဍလဇောတိနှင့် စာချဆရာတော်များ စသောဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့၊ Ph.D(အိန္ဒိယ) ဘွဲ့တို့ကို ရရှိတော်မူသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ညောင်သုံးပင် ပရိယတ္တိသာမဏေကျော်စာသင်တိုက်တွင် စာသင်သားရဟန်း/သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချရေးသားတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်ဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ စ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီး၌ လုပ်ထုံးလုပ်နည်းပြင်ဆင်ရေးတာဝန်၊ နိုင်ငံတော်သံဃဝိနိစ္ဆယစီရင်ထုံးစာအုပ်ပြုစုရေးအဖွဲ့တို့တွင် တာဝန်ထမ်းဆောင်တော်မူခဲ့ပြီး ၂၀၁၆ ခုနှစ်မှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၁၉-ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူသည်။

**ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနစရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်အား ၂၀၁၃ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့၊ ၂၀၁၉-ခုနှစ်တွင် ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့နှင့် ၂၀၂၂ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်သည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၆၀၊ သိက္ခာတော် ၀၊ ၄၀ အရ ထိုင်းနိုင်ငံ ဘုရင့်သမီးတော်ဆေးရုံ၌ ၁၃၈၃ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်၊ ၁၄-၂-၂၀၂၂ (တနင်္လာနေ့) မြန်မာစံတော်ချိန် နံနက် ၁:၅၅ နာရီခန့်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီး ဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

---

## မုံရွာမြို့ သဒ္ဓမ္မဇောတကသုဇောဓာရုံကျောင်းတိုက် နာယက (၄၇)ဘွဲ့ရ ဒွါဒသမ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိယ(စစ်ကိုင်းတိပိဋကဆရာတော်) ဘဒ္ဒန္တ အဘိဇာတာဘိဝံသ၏ သာဓုကိဠန အန္တိမ အဂ္ဂိဈာပနပူဇာ အခမ်းအနား မုံရွာမြို့၌ ကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၁၄**

ရန်ကုန်မြို့ သဒ္ဓမ္မမာနိတာရုံကျောင်းတိုက် ပဓာနနာယက မုံရွာမြို့ သဒ္ဓမ္မဇောတက သုဇောဓာရုံကျောင်းတိုက် နာယက (၄၇)ဘွဲ့ရ ဒွါဒသမ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိယ(စစ်ကိုင်း တိပိဋက ဆရာတော်) ဘဒ္ဒန္တအဘိဇာတာဘိဝံသ သက်တော်(၅၄)နှစ် သိက္ခာတော်(၃၅)ဝါ ၏ သာဓုကိဠန အန္တိမ အဂ္ဂိဈာပနပူဇာ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၁ နာရီခွဲက မုံရွာမြို့ သဒ္ဓမ္မဇောတက သုဇောဓာရုံကျောင်းတိုက်တွင် ပထမပိုင်းအစီအစဉ် ရှစ်ခုဖြင့်လည်းကောင်း၊ ဆရာတော်၏ ရုပ်ကလပ်တော်အား အဂ္ဂိဈာပန ပူဇာရန် ပြုလုပ်ထားရာနေရာ၌ ဒုတိယပိုင်းအစီအစဉ် ခုနစ်ခုဖြင့်လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ **(ယာပုံ)**

ရှေးဦးစွာ ပထမပိုင်းအခမ်းအနားတွင် တက်ရောက်လာသော ဆရာတော် သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာတော်ကြီး၏ မယ်တော်ကြီးနှင့် ဆွေမျိုးရင်းချာများ၊ တပည့်သာဝက ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က သဗ္ဗေသင်္ခါရာ အနိစ္စာ အစရှိသော သံဝေဂဂါထာ (၃)ဂါထာ ရွတ်ပွား၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး မဟာသုဇောဓာရုံကျောင်းတိုက်ကြီးများ၏ တွဲဖက်ဦးစီးနာယက မတ္တရာမြို့ သာသနဇောတာရုံကျောင်းတိုက် နာယက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယက မတ္တရာဆရာတော်ကြီးထံမှ သရဏဂုံသီလခံယူ ဆောက်တည်ခြင်းနှင့် မဟာသုဇောဓာရုံ သာသနဝံသ သမုဋ္ဌာပက အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင် နိကာယ ပဋ္ဌဥက္ကဋ္ဌ မဟာနာယက ပါမောက္ခချုပ် ဆရာတော် ထံမှပေးပို့သော သံဝေဇနိယနှင့် ဥယျောဇန ကထာတို့ကို ဖတ်ကြားခြင်းတို့အပြင် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကထာ ဖတ်ကြားခြင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခြင်းနှင့် ရွှေကျင်ဂိုဏ်းဗဟိုဌာနမှ ပေးပို့သော သဝဏ်လွှာဖတ်ကြားခြင်း၊ မုံရွာမြို့နယ်လုံးဆိုင်ရာ ဝိနည်းပြန်ဌာနမှပေးပို့သော သဝဏ်လွှာ ဖတ်ကြားခြင်းတို့ကို သံဃာတော်အရှင်သူမြတ်များက ဖတ်ကြားမိန့်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှပေးပို့သော သဝဏ်လွှာကို စစ်ကိုင်းတိုင်းဒေသကြီး သာသနာရေးဦးစီးဌာန တိုင်းသာသနာရေးမှူး ဦးမျိုးဝင်းအောင်က လျှောက်တင်ဖတ်ကြားသည်။

ထို့နောက်အခမ်းအနားသို့တက်ရောက်လာသော သံဃာတော်အရှင်သူမြတ်ကြီးများအား စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးနှင့် အဖွဲ့က လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းကြပြီး စစ်ကိုင်းတိပိဋကဆရာတော် ရေးသားသော သံဝေဂကထာနှင့် မန္တလေးမြို့ အဝေရာရာမ ရန်ကင်းကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဒမ္မ ဇောတိကဓဇ ဘဒ္ဒန္တသြဒါတသိရီ ဘိဝံသမထေရ်မြတ်ကြီးထံမှ သံဝေဂကထာနှင့် ရေစက်ချတရားများ နာယူကြည်ညို အမျှတမ်းပေးဝေကြပြီး အနိစ္စာ ဝတ သင်္ခါရာ(၃)ဂါထာတို့ဖြင့် ရွတ်ဖတ်ပွားများ၍ ပထမပိုင်းအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



ထို့နောက် သံဃာတော်အရှင်သူမြတ်များနှင့် တာဝန်ရှိသူများက ဒုတိယပိုင်းအခမ်းနားတွင် ဆရာတော်ကြီး၏ ရုပ်ကလပ်တော်အား မီးပူဇော်ရန်အတွက် အဆိုပါကျောင်းတိုက်မှတစ်ဆင့် လောင်တိုက်အတွင်းသို့ အစီအစဉ်အတိုင်း ပင့်ဆောင်သယ်ယူကြပြီး အနိစ္စာ ဝတ သင်္ခါရာ(၃)ဂါထာရွတ်ဆို၍ အဂ္ဂိဈာပန အစီအစဉ်ကို ပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**

---

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ တင်သွင်းနိုင်ရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်း များမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း (Mask) ၁၇ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ရှင်ဘို့မယ်၊ ဦးပိုင်အမှတ် (၂၂၂)၊ ဧရိယာ ၀ ဒသမ ၀၇၁ဧကအား ဦးမြင့်နိုင် (ဘ) ဦးလှအောင် ၉/ရမသ(နိုင်)၀၂၀၃၄၁ မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၁၅၀/၂၀၂၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၃၊ မြို့ကွက်သစ်)၊ ဦးပိုင်အမှတ်(C-၇၈)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧက ရှိမြေအား မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ ဗောဓိ(၃)လမ်းနေ ဦးကျော်ကျော်သိုက် ၁၄/ပတန(နိုင်)၁၅၉၆၂၀ မှ မြေငှားဂရန်အသစ်ရရှိရေးအတွက် မြေပေးမိန့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာနှင့်အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအားဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ**

မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၃၊ မြို့ကွက်သစ်)၊ ဦးပိုင်အမှတ်(C-၇၇)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေအား မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ မာလာရိုး(၅)လမ်းနေ ဒေါ်ဥမ္မာကြည် ၁၄/ပတန(နိုင်)၁၃၁၅၉၀ မှ မြေငှားဂရန်အသစ်ရရှိရေးအတွက် မြေပေးမိန့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် 1M/1148 Toyota Dyna LY 235 L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးရဲ လွင်ဦး ၁၃/ကမန (ဧည့်) ၀၀၀၈၃၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်ဝင်းစန္ဒာ ၁၂/ဥကတ(နိုင်)၀၃၄၄၄၇ (ဘ)ဦးချစ်မောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၀၆၀၃)ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၉/၂၀၂၁(၃-၂-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဦးအောင်မြင့်ထွန်း ၇/ရတရ(နိုင်)၁၅၁၈၈၂ (ဘ) ဦးလှထွန်းမှ ဒေါ်သန္တာထူး ၈/ ခမန(နိုင်)၁၆၂၅၁၆နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


**ပညာမြင့်မှ လူမျိုးတင့်မည်**









# မြူလမ်းစာအုပ်အိမ်ဖွင့်ပွဲ မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၇၀ နှင့် ၂၉ လမ်း x လမ်း ၃၀ ကြားတွင် မြူလမ်းစာအုပ်အိမ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပသည်။

**ထပ်မံတိုးချဲ့ဖွင့်လှစ်**

အဆိုပါ မြူလမ်းစာအုပ်အိမ်ကို ယခင်က Online မှ ယခု ဆိုင်ခန်းအဖြစ်သို့ ကူးပြောင်းလုပ်ဆောင်သည်ဟုသိရပြီး လူငယ်လေးများ၏ စိတ်ကူးစိတ်သန်းဖြင့်လည်းကောင်း၊ စာပေချစ် မိတ်ဆွေများ၏ချစ်ခင်အားပေးမှုဖြင့်လည်းကောင်း ဖွင့်လှစ်သည်ဟု သိရသည်။ စာအုပ်ဆိုင်အပြင် ပန်းချီ Gallery နှင့် indoor plant ဆိုင်အဖြစ် ထပ်မံတိုးချဲ့ဖွင့်လှစ်ထားပြီး ဖွင့်ပွဲအထိမ်းအမှတ် စာအုပ်များကို ရာခိုင်နှုန်းလျှော့၍ ရောင်းချပေးခဲ့သည်။

စာပေချစ်မိတ်ဆွေတို့၏ ချစ်ခြင်းမေတ္တာနှင့် ဉာဏ်ပညာကို အားကိုးအားထားသည်ဟုလည်း ဆိုထားသည်။ ဖွင့်ပွဲအခမ်းအနားသို့ သတင်း မီဒီယာများ၊ ဖိတ်ကြားထားသူများနှင့် စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ခင်ခင်ဝင်း (ပညာရေး)

# လာချိဒ်လူမျိုးရိုးရာနှစ်သစ်ကူး (ဂျိတ်ကျော့) ပွဲတော် ဝိုင်းမော်မြို့၌ ကျင်းပ

**ဝိုင်းမော် ဖေဖော်ဝါရီ ၁၄**

လာချိဒ်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီကဦးစီးပြီး နှစ်စဉ် ကျင်းပလျက်ရှိသော လာချိဒ်လူမျိုး ရိုးရာနှစ်သစ်ကူး (ဂျိတ်ကျော့) ပွဲတော်ကို ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာအတွင်းရှိ လာချိဒ်ယဉ်ကျေးမှုမနောဝင်း၌ ဖေဖော်ရီ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**လာချိဒ်ရိုးရာ ဂျိတ်ကျော့အက**

လာချိဒ်လူမျိုး ရိုးရာနှစ်သစ်ကူး (ဂျိတ်ကျော့) ပွဲတော်တွင် လာချိဒ်ရိုးရာ ဂျိတ်ကျော့အကနှင့် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ အမြင့်ခုန်၊ အလျားခုန်၊ မြားပစ်၊ သံလုံးပစ်၊ အပြေးပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲများ ကျင်းပလျက်ရှိကြောင်းနှင့် အဆိုပါပြိုင်ပွဲတွင် ကချင်ပြည်နယ်အတွင်းရှိ လာချိဒ်တိုင်းရင်းသား တိုင်းရင်းသူများက ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ငါးနှစ်သက်တမ်း ခွင့်ပြုပေးခဲ့သည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ခြောက်အုပ် သို့မဟုတ် ခြောက်စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ခြောက်အုပ် (သို့မဟုတ်) ခြောက်စောင်ကို ဖြန့်ချိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ၂၀၂၁ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ခုနှစ် မတ်လအထိ (၆)လကာလအတွင်း ကုသရေးဦးစီးဌာန လက်အောက်ရှိ ပြည်သူ့ဆေးရုံများတွင် အသုံးပြုရန်အတွက် Oxygen Filling Stationဝယ်ယူရန် တင်ဒါခေါ်ယူအပ်ပါသည်။ အိတ်ဖွင့်တင်ဒါခေါ်ယူမှုနှင့်ပတ်သက်၍ MOH Website:etender-mohs.comတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၆၇-၃၄၁၁၆၃၄**

| | |
|---|---|
| **တင်ဒါအမှတ်** | - cptd.13.dms (2021-2022)mini |
| **တင်ဒါစတင်ရောင်းချမည့်ရက်** | - ၁၂-၂-၂၀၂၂ရက် |
| **တင်ဒါတင်သွင်းလွှာစတင်လက်ခံမည့်ရက်** | - ၁၉-၂-၂၀၂၂ရက် |
| **တင်ဒါပိတ်သိမ်းမည့်ရက်** | - ၂၅-၂-၂၀၂၂ရက်၊ မွန်းတည့် ၁၂:၀၀နာရီတိတိ |
| **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** | - MOH Website တွင် အနည်းဆုံး (၃)ရက်စော၍ အသိပေးကြော်ငြာမည်ဖြစ်ပါသည်။ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တပင်ရွှေထီးလမ်း၊ (၃၈)ရပ်ကွက်၊ အမှတ်(၁၁၃၁) အကျယ်အဝန်း ပေ(၂၀x၆၀) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်နှင့်မြေကွက်မှာ ဂရန်အမည်ပေါက်ကွယ်လွန်သူ ဒေါ်စိန်ဝင်းဖြစ်ပြီး၊ ၎င်း၏သားသမီးအရင်းများဖြစ်သော ဦးထွန်းမြင့်၊ ဒေါ်ခင်သိန်း(ခ)ဒေါ်မြင့်အေး၊ ဦးသိန်းဟန်၊ ဦးထွန်းလွင်နှင့် ဦးအောင်နိုင်တို့ အမွေဆိုင်သားသမီးများထံ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ယင်းအိမ်မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်အတွက် ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့်တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ရွှေ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၇၈၃၈/၁၉-၅-၁၉၈၃)**
**အမှတ်(၃၈/၅၆၇)၊မြတ်မင်္ဂလာလမ်း၊ ဒဂုံမြောက်**
**ဖုန်း-၀၉-၈၇၉၃၀၄၉၅၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဒေါ်ကြည်ကြည်သိန်း ၉/မရမ(နိုင်)၀၅၁၇၀၁ (ဘ) ဦးဘသိန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၁၆၃၀)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၉၈/၂၀၂၀(၂၅-၆-၂၀၂၀)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်သန္တာဦး ၉/ပမန(နိုင်)၂၅၂၆၃၁ (ဘ) ဦးအောင်ဇော်မှ ဒေါ်သဲဇော်ဦး ၉/ပမန(နိုင်)၂၄၆၉၄၉နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ တိုးချဲ့(၂/၁)ရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၁၁၆)၊ ဧရိယာ(၂၅)ပေx(၅၀)ပေ၊ ၀ ဒသမ ၀၂၈ဧကရှိ ကွယ်လွန်သူ ဒေါ်အေးသိန်း ၁၂/မဂဒ(နိုင်)၀၀၆၉၀၇ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်၏ သားများဖြစ်သော ဦးသက်အောင် ၁၂/မဂဒ(နိုင်)၁၁၉၂၆၇ နှင့် ဦးကျော်အေးလင်း ၁၂/မဂဒ(နိုင်)၁၂၇၇၃၅ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၇၂/၃၁-၅-၁၉၉၁)**
**အမှတ်-၇(က)၊ ပိတောက်လမ်း၊ ပဲခူးလမ်းရပ်ကွက်၊ ထောက်ကြန့်မြို့၊**
**မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၃၆၂၃၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ထူပါရုံရပ်ကွက်၊ (၆)လမ်းရှေ့လမ်း၊ အမှတ်(၃၇)ဟုခေါ်တွင်သော အလျား ၄၅'xအနံ ၆၀' ရှိမြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်အကျိုးခံစားခွင့်ရရှိသူ ဒေါ်တင်တင်လှ B/RGN -၀၁၃၀၀၉မှ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဒေါ်ခိုင်စန္ဒာမြင့် ၆/မမန(နိုင်)၁၃၃၁၇၇ကအပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား တရားဝင်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်ခင်(စဉ်-၁၂၅၅၇)**
**(LL.B, LL.M, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၄၂၁၀၉၈၇၈၅၊ ၀၉-၆၆၃၉၁၀၉၂၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6N/4553 Hino Dutro XZU 348, L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းနိုင် ၁၃/သပန(နိုင်)၀၃၇၄၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**ပုသိမ်ခရိုင်တရားရုံး၌**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၀၀**

| | | |
|---|---|---|
| ဦးဇော်မျိုး | နှင့် | ဒေါ်ထက်ထက်ထွန်း (ကွယ်လွန်သူဦးအောင်ဇင်ဖြိုး၏ တရားဝင်ကိုယ်စားလှယ်) |
| တရားလို | | တရားပြိုင် |

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ တကုန်းကြီးကျေးရွာအုပ်စု၊ တကုန်းကြီးကျေးရွာ (ပုသိမ်-ရန်ကုန်ကားလမ်းမကြီးဘေး)၊ 'ရွှေသော့-စားဖွယ်စုံ'နေ ယခုနေရပ်လိပ်စာမသိ ဒေါ်ထက်ထက်ထွန်း(ကွယ်လွန်သူ ဦးအောင်ဇင်ဖြိုး၏ တရား ဝင်ကိုယ်စားလှယ်)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၂၅-၁၀-၂၀၁၈ ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်ပါအတိုင်း ငွေကျပ် ၁၆၀၀၀၀၀၀/- (ကျပ်သိန်းတစ်ရာ့ခြောက်ဆယ်တိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် မတ် ၁၀ ရက် (၁၃၈၃ ခုနှစ် တပေါင်းလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ဘုန်းဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပုသိမ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၁ နှင့် ၅)**
**လပွတ္တာခရိုင်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၃၆**

| | | |
|---|---|---|
| မြို့နယ်သမဝါယမအသင်းစု(လီမိတက်)၊ လပွတ္တာမြို့ (၎င်း၏ကိုယ်စား ဦးလှမျိုးတင့် အတွင်းရေးမှူး) | | ၁။ ဦးခင်ငွေး ၂။ ဦးစိန်ငွေး |
| တရားလို | နှင့် | တရားပြိုင်များ |

လပွတ္တာမြို့နယ်၊ စလူဆိပ်ကျေးရွာရပ်နေ (ယခုနေရပ်လိပ်စာမသိသူ) ဦးစိန်ငွေး သိစေရမည်။

သင့်အပေါ်၌ မြို့နယ်သမဝါယမအသင်းစု(လီမိတက်)၊ လပွတ္တာမြို့(၎င်း၏ကိုယ်စား-ဦးလှမျိုးတင့်၊ အတွင်းရေးမှူး)က မြို့နယ်သမဝါယမအသင်းစုသို့ ပေးသွင်းရန် Exam Bank ကျန်ငွေ ၄၂၃၀၄၈၃၄/- ကျပ်၊ (၆)လ အတိုးငွေ ၈၈၉၅၆၀၀/- ကျပ်နှင့် ကာလလွန်ချေးငွေအတိုး ၆၁၄၄၀၅၂/- ကျပ်၊ စုစုပေါင်းအရင်းအတိုးငွေ ၅၇၃၄၄၈၆/- ကျပ် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် (၁၃၈၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင့်တင့်မော်)**
**ခရိုင်တရားသူကြီး**
**လပွတ္တာခရိုင်တရားရုံး**

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၇**
**ကွယ်လွန်သူ ဦးမွေးနီ၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ ပြည်လုံးကျော်ကျေးရွာအုပ်စု၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမွေးနီ ကျန်ရစ်သည့် မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ ပြည်လုံးကျော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၇၈-က/မင်းစု)၊ ဦးပိုင်အမှတ်(၆၈)၊ ဧရိယာ ၉ ဒသမ ၈၃ဧကအကျယ်အဝန်းရှိ ဦးမွေးနီအမည်ပေါက် လယ်မြေကွက်အပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ဦးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် မတ် ၇ရက်(၁၃၈၃ခုနှစ် တပေါင်းလဆန်း ၆ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမွေးနီ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ခုနှစ် မတ် ၇ရက်(၁၃၈၃ခုနှစ် တပေါင်းလဆန်း ၆ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ဦး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နိုင်လင်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## ဒေါ်သူဇာအေးနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ လွန်ကောင်းကျေးရွာအုပ်စု၊ ဝါးနက်ကျေးရွာနေ ကျွန်ုပ်မိတ်ဆွေ ဖြစ်သူ ဒေါ်မိုးမိုးခိုင်[၁၂/မဂဒ(နိုင်)၁၁၆၉၉၈]၊ (ဘ) ဦးလှအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ လွန်ကောင်းကျေးရွာအုပ်စု၊ ဝါးနက်ကျေးရွာ၊ ကွင်းအမှတ်(ပြင်)၊ ကွင်းအမည်(လွန်ကောင်း)၊ ဦးပိုင်အမှတ်(၁၉၁၊ ၁၉၂)ဟုခေါ်တွင်သော ဧရိယာ(၈.၂၂)ဧကရှိမြေကွက်သည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးခိုင်[၁၂/မဂဒ(နိုင်)၁၁၆၉၉၈]၏ ခင်ပွန်းဖြစ်သူ ဦးထွန်းနိုင်အမည်ဖြင့် ရွာမြေအဖြစ်လျှောက်ထားဆဲဖြစ်ပါသည်။ အဆိုပါမြေကို ကျွန်ုပ်မိတ်ဆွေ၏ခင်ပွန်းဖြစ်သူ ဦးထွန်းနိုင်နှင့် ဒေါ်သူဇာအေး[၉/မနတ(နိုင်)၀၉၈၉၉၇]တို့သည် ကာလတန်ဖိုးငွေကျပ် သိန်း(၂၀၅၀)ဖြင့် အရောင်းအဝယ်ပြုရန် သဘောတူညီခဲ့ကြရာ(၆-၇-၂၀၁၈)ရက်နေ့တွင် နှစ်ဦးသဘောတူ မြေအရောင်းအဝယ် စရန်ပေးကတိစာချုပ်အရ အဆိုပါတန်ဖိုးငွေကျပ်အနက် ဒေါ်သူဇာအေးက သိန်း(၈၆၅၀)တိတိကို ပေးသွင်းပြီး ကျန်ငွေသိန်း (၁၁၉၀၀)ကို မပေးသွင်းပျက်ကွက်ခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ခင်ပွန်းဖြစ်သူ ဦးထွန်းနိုင်မှာ (၁၅- ၃- ၂၀၂၁)ရက်နေ့က ကွယ်လွန်သွားခဲ့ရာ အဆိုပါမြေကို ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးခိုင်က အမွေဆက်ခံပိုင်ဆိုင်လာပါသည်။ ကျွန်ုပ်မိတ်ဆွေဒေါ်မိုးမိုးခိုင်၏ ခင်ပွန်းဖြစ်သူဦးထွန်းနိုင်နှင့် ဒေါ်သူဇာအေးတို့ ချုပ်ဆိုခဲ့သော (၆-၇-၂၀၁၈)ရက်နေ့စွဲပါ နှစ်ဦးသဘောတူရွာမြေလျှောက်ထားဆဲ မြေကွက်အရောင်းအဝယ်စရန်ပေးကတိစာချုပ်စည်းကမ်းချက် အပိုဒ်(၈)အရ ကျန်ငွေကိုပေးသွင်းရန် ပျက်ကွက်ခဲ့ပါက စရန်ငွေကိုအဆုံးရှုံးခံရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသဖြင့် ဝယ်သူဒေါ်သူဇာအေးအနေဖြင့် စရန်ငွေဆုံးရှုံးသွားပြီဖြစ်ကြောင်းနှင့် အဆိုပါရောင်းဝယ်သည့်မြေကို ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးခိုင်က အမွေဆက်ခံပိုင်ဆိုင်လာကြောင်း ဒေါ်သူဇာအေးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဒေါ်မိုးမိုးခိုင်** | **ဒေါ်သဇင်အေး** | **ဦးပြည့်စုံအောင်** |
| **၁၂/မဂဒ(နိုင်)၁၁၆၉၉၈** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ရွှေခေတ်(၅)မိုင်၊** | **စဉ်-၉၀၈၄(၂၃.၅.၂၀၁၃)** | **စဉ်-၁၆၃၉၈** |
| **လွန်ကောင်းအုပ်စု၊** | **စီလမ်းသွယ်၊** | **ရပ်ကွက်ကြီး(၇)၊** |
| **ဝါးနက်ကျေးရွာ၊** | **ရပ်ကွက်ကြီး(၁)၊** | **ပြင်ဦးလွင်မြို့။** |
| **ပြင်ဦးလွင်မြို့။** | **ပြင်ဦးလွင်မြို့။** | **(၀၉-၂၅၇၇၂၄၅၃၇)** |
| | **(၀၉-၄၃၀၁၉၇၉၃)** | |

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၁)ရပ်ကွက် မြေကွက်အမှတ်(၁၀၃)နှင့်ပတ်သက်၍ ပါမစ်မူရင်းကိုင်ဆောင်သူမှ အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၁)ရပ်ကွက်၊ အမှတ်(၁၀၃)ရှိ အလျား ၄၀ ပေ X အနံပေ ၆၀ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီလာဦး ၁၂/မရက(နိုင်)၀၃၂၀၉၆ မှ ၂၄-၁၀-၂၀၁၁ ရက်ကတည်းက မြေချပါမစ်မူရင်းနှင့်အတူ တရားဝင်ဝယ်ယူလက်ဝယ်ပိုင်ဆိုင်လက်ဝယ်ထားရှိခဲ့ပါသည်။ ယခုအခါ Facebook စာမျက်နှာပေါ်တွင် ကျွန်ုပ်မိတ်ဆွေ၏မြေကွက်အား ကြော်ငြာရောင်းချနေသည်ကို တွေ့ရှိရသဖြင့် စုံစမ်းကြည့်ရာ ဒေါ်နန်းဖြူဖြူအောင်အမည်ဖြင့် ပါမစ်ပျောက် ဂရန်ပျောက် လျှောက်ထားခဲ့သည်ဟု သိရှိရပါသည်။

၎င်းအပြင် ဒေါ်နန်းဖြူဖြူအောင်(ဘ)ဦးချစ်ထွေး ၁၂/တမန(နိုင်) ၀၅၇၆၉၄ မှ ဦးသိန်းလွင်(ဘ)ဦးအောင်သိန်း ၁၂/အစန(နိုင်)၂၀၇၉၃၄ သို့ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၃-၂-၂၀၁၈ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၇၃၇/၂၀၁၈)ဖြင့် လွှဲအပ်ထားကြောင်းသိရှိရပါသောကြောင့် ယနေ့မှစ၍ အဆိုပါမြေကွက်အား ထပ်မံလွှဲပြောင်းရောင်းချခြင်းမပြုလုပ်ပါရန်နှင့် ကျွန်ုပ်မိတ်ဆွေ၏ ကိုယ်တိုင် ပါမစ်မူရင်းနှင့်အတူ မြေဂရန်လျှောက်ထားပြီးပါကြောင်း၊ ကျွန်ုပ်မိတ်ဆွေ လက်ဝယ်ပိုင်ဆိုင်ထားသည့် မြေကွက်ပေါ်တွင် ကျူးကျော်ဝင်ရောက်ခြံခတ်ရောင်းချထားသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့်(LL.B,D.B.L)** | **ဒေါ်စုစုအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)** | **စဉ်-၁၃၄၉၈(၁၂-၁၀-၂၀၁၇)** |

**အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ်3Q/5176 SOJEN (LFJ 1031SCG1) pick up (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်လီရှင်မေ ၁၃/လရန(နိုင်)၀၇၆၅၁၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/8435 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2N/2194 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၃၅၀/၁)၊ အကျယ်အဝန်း(၉၀ပေ× ၃၇၀ပေ/၃၆၅ပေ)ရှိ ဒေါ်မေသက်နွယ်(၁၂/ဥကတ(နိုင်)၀၀၀၉၅၂)အမည်ပေါက်မြေချပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိပ်ရသေးသော(စက်မှုလယ်ယာလမ်းသွယ်နှင့်စက်သွားလမ်းထောင့်)နှင့်ကပ်လျက် အကျယ်အဝန်း(၈၀ပေ/ ၇၀ပေ× ၆၀ပေ/၅၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်ကြသည့် ဦးပိုင်ရိုးကျော်(၁၂/ဒဂမ(နိုင်)၀၁၂၈၂၄)နှင့် ဒေါ်အိအိမျိုး(၁၂/ဥကမ(နိုင်)၁၉၅၅၅၉)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **ဒေါ်ဝင်းဝင်းဖြိုး** | လွှဲအပ်ညွှန်ကြားချက်အရ | **ဦးဇော်မျိုးနိုင်** |
| LL.B, D.B.L, D.I.L,U.F.L(Eng;) | | LL.B, D.B.L |
| **အထက်တန်းရှေ့နေ(စဉ်-၃၇၈၂၄)** | | **အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)** |
| Hein Htet San Law Firm | | ဖုန်း - ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၄၂၁၁၂၀၃၄၇ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့်အခြေအနေ

❖ မိမိတို့အစိုးရအနေနဲ့ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး အခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်တာဝန်ရယူထားချိန်မှာ တာဝန်တွေကို စွမ်းအားရှိသမျှ ထမ်းဆောင်ခဲ့သော်လည်း ပြည်တွင်း/ပြည်ပ နှောင့်ယှက်ဟန့်တားမှုတွေ ရှိခဲ့ပါတယ်။

❖ လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးမှာ လူလူချင်းလေးစားခြင်း၊ တန်ဖိုးထားခြင်းဟာ အရေးအကြီးဆုံး အချက်ဖြစ်ပါတယ်။ နိုင်ငံရှိမှလည်း နိုင်ငံသားတို့ရဲ့ရပိုင်ခွင့်ကို တောင်းဆိုနိုင်ပါတယ်။

❖ နိုင်ငံပျက်သုဉ်းသွားသော်လည်းပဲ နိုင်ငံသားတစ်ဦးချင်းရဲ့ ရပိုင်ခွင့်ကို ကာကွယ်နိုင်တဲ့ နမူနာမျိုး ကမ္ဘာမှာ မရှိသေးပါဘူး။ အဖျက်၊ အမှောင့်၊ အနှောင့်အယှက်များ ကင်းဝေးမှသာ နိုင်ငံသားအခွင့်အရေးကို တောင်းဆိုနိုင်မှာပါ။

❖ အများအကျိုးထက် လူတစ်ဦးတစ်ယောက်အကျိုး ဖော်ဆောင်ဦးစားပေးရမယ်ဆိုတဲ့ အတွေးအခေါ်ဟာ ဒီမိုကရေစီအတွက် သူတော်ကောင်းဟန်ဆောင်ခြင်းသာ ဖြစ်ပါတယ်။

❖ နိုင်ငံတော်ကိုလက်မခံတဲ့ ရည်ရွယ်ချက်၊ လုပ်ရပ်၊ လုပ်ဆောင်ချက်တို့ဟာ နိုင်ငံတော်အတွက် တာဝန်သိသိလုပ်ဆောင်နေတဲ့ နိုင်ငံသားများကိုလည်း လက်မခံတဲ့သဘော ဖြစ်ပါတယ်။

❖ နိုင်ငံတော်ကာကွယ်ရေးဟာ အနိမ့်ဆုံးအဆင့် ပြည်သူလူထုကိုကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်ရဲ့အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေး (၃)ပါးကို ကာကွယ်ရန်ဖြစ်ပြီး ကျွန်တော်တို့ တပ်မတော်သားများဟာ ကိုယ်ပိုင်ဆန္ဒနဲ့အညီ ပုဂ္ဂလိက သဘောမဟုတ်ဘဲ အများအကျိုးအတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေခြင်း ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁) နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်)

## သတင်းထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် ပထမဆုံးအကြိမ်လက်ခံကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ စုံညီစွာ ပါဝင်တက်ရောက်ရန် ၂၀၂၂ ခုနှစ် အာဆီယံဥက္ကဋ္ဌဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံက ကြိုးပမ်းဆောင်ရွက်မှုကို မြန်မာက အသိအမှတ်ပြုပါသည်။

အဆိုပါအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး ပါဝင်တက်ရောက်နိုင်ရေး အာဆီယံဥက္ကဋ္ဌအနေဖြင့် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း အချို့အာဆီယံအဖွဲ့ဝင်နိုင်ငံများက ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့က ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အရေးပေါ်အစည်းအဝေးတွင် ယခင်အာဆီယံအလှည့်ကျဥက္ကဋ္ဌက တစ်ဖက်သတ်ဆုံးဖြတ်ခဲ့သည့် မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ပုဂ္ဂိုလ်ကိုသာ ဖိတ်ကြားသွားရန် ဆုံးဖြတ်ချက်ကို ဆက်လက်ဆုပ်ကိုင်ထားသည်ကို တွေ့ရပါသည်။ အဆိုပါဆုံးဖြတ်ချက်သည် နိုင်ငံများ၏အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှုစသည့် အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲရေးမူကြီး (၅)ချက်၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် မြန်မာနိုင်ငံခြားရေးမူဝါဒတို့နှင့်သွေဖည်နေသည့်အတွက် ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ကျင်းပခဲ့သည့် (၃၈)ကြိမ်နှင့် (၃၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများတွင် မြန်မာနိုင်ငံက ပါဝင်တက်ရောက်နိုင်မှု မရှိခဲ့ခြင်းဖြစ်ပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ ○

## အာဆီယံ ယူ-၂၃ ပြိုင်ပွဲဝင် မြန်မာအသင်း မလေးရှားနှင့် ယနေ့အုပ်စုပထမပွဲကစားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၂၂ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မလေးရှားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

အာဆီယံ ယူ-၂၃ ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး အုပ်စုသုံးခုခွဲ၍ ပြုလုပ်လျက်ရှိသည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် အိမ်ရှင် ကမ္ဘောဒီးယား၊ တီမော၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ အုပ်စု (ခ) တွင် မလေးရှား၊ မြန်မာ၊ လာအို၊ အုပ်စု (ဂ) တွင် ထိုင်း၊ ဗီယက်နမ်နှင့် စင်ကာပူတို့ ပါဝင်နေသည်။ ဖေဖော်ဝါရီ ၁၄ ရက်က စတင်ကျင်းပသည့် အုပ်စု (က) အဖွင့်ပွဲတွင် တီမောနှင့် ဖိလစ်ပိုင်အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာအသင်းပါဝင်သော

စာမျက်နှာ ၁၂ ကော်လံ ၁ ◆

## ယနေ့ သတင်းအညွှန်း

### ဒီမိုကရေစီဆိုတိုင်း ဒီမိုကရေစီမဟုတ်ပါ





ဆောင်းပါး စာ - ၈

### ကိုဗစ် -၁၉ ကူးစက်မှု ကောင်းမွန်လာသည့်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စာသင်ကျောင်းများ ပြန်ဖွင့်မည်



နိုင်ငံတကာသတင်း စာ - ၁၃

### ဖေဖော်ဝါရီ ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၅၈၆ ဦး တွေ့ရှိ

ပြည်တွင်းသတင်း စာ - ၁၈